The Agribiz News
www.agribiznews.com.mm
လယ်ယာစီးပွားသတင်း
e-Paper-0043
၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်



# မြေနိမ့်ကော်ဖီစိုက်ပျိုးမှုအတွက်နည်းပညာအပါအဝင် အကူအညီလိုအပ်ပါက စိုက်ပျိုးရေးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးသို့ဆက်သွယ်နိုင်

နေပြည်တော် အောက်တိုဘာ ၉

ပင်လယ်ရေမျက်နှာပြင်မှ အမြင့်ပေ ၂၅၀၀ နှင့်အောက် ဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းသည့် ရိုဘတ်စတာ မြေနိမ့်ကော်ဖီမျိုးများသည် အရိပ်ပင်များဖြစ်သည့် သရက်ပင်၊ သီဟိုဠ်ပင်၊ မက္ကာဒေးမီးယားပင်နှင့် ရာဘာပင်များကို အသုံးပြု စိုက်ပျိုးနိုင်သကဲ့သို့ ကမ်းရိုးတန်းဒေသများ၌ ကွမ်းသီးပင်များ အကြားတွင်လည်း စိုက်ပျိုးနိုင်သဖြင့် မြန်မာနိုင်ငံတစ်ဝန်းတွင် တစ်ပိုင်တစ်နိုင်မှ စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်နိုင်ကြကြောင်း၊ ဈေးကွက်ရှိသော သီးနှံဖြစ်၍ မြေနိမ့်ကော်ဖီစိုက်ပျိုး လုပ်ကိုင်လိုသူများ၏ နည်းပညာအပါအဝင် လိုအပ်ချက်များကို စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

အောက်တိုဘာဒုတိယပတ်တွင် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများသည် နေပြည်တော်ရှိ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရုံးများ ၌ စိုက်ပျိုးထားသော တောင်သူပညာပေး ကော်ဖီစိုက်ခင်းများကို ကွင်းဆင်း ကြည့်ရှု စစ်ဆေးကြရာ နေပြည်တော် ရုံးအမှတ်(၁၅)တွင် ၁ ဧက စိုက်ပျိုးထားသော ရိုဘတ်စတာ မြေနိမ့်ကော်ဖီပင်များ၏ ၁ နှစ် ၉ လသားအရွယ်တွင် အသီးများစတင်သီးပွင့်နေမှု၊ အသီးအားပိုမိုကောင်းမွန်စေရန် ပထမအကြိမ် အသီးများကို ခူးခြွေဖယ်ရှားထားရှိမှုတို့

စာ-၂ သို့

ငါးရှဉ့်၏ သဘာဝနှင့် ကျန်းမာရေးကောင်းကျိုး
စာ-၈

ပိုးသတ်ဆေး ဓာတ်ကြွင်းပါဝင်မှု ကင်းဝေးရေး
စာ-၁၆

# အပင်အာဟာရဓာတ်အကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် ၈၆ ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲကျင်းပ

နေပြည်တော် ၊အောက်တိုဘာ ၁၁

**၈၆ ကြိမ်မြောက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို အောက်တိုဘာ ၁၁ ရက် နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက် ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်း AERDTC သင်တန်းခန်းမ၌ ကျင်းပရာ "အပင်အာဟာရဓာတ်များအကြောင်း သိကောင်းစရာ" ခေါင်းစဉ်ဖြင့် ဆွေးနွေးဖလှယ် ခဲ့ကြကြောင်း သိရသည်။**



စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဒေါက်တာတင်ထွဋ် က ဆွေးနွေးမှာကြားရာတွင် အပင်များ ကြီးထွားဖွံ့ ဖြိုးရန်၊ ရောဂါဒဏ်ခံနိုင်ရန်၊ မျိုးပွားရန်နှင့် မျှော်မှန်းအထွက်နှုန်းရရှိရန်အတွက် အပင်အာဟာရဓာတ်များ စီမံခန့်ခွဲမှုကို သိရှိရန်လိုကြောင်း၊ ထို့အတူ ရာသီဥတုပြောင်းလဲလာသည်နှင့်အညီ စိုက်ပျိုးရေး နည်းစနစ်ကိုလည်း ပြောင်းလဲရမည်ဖြစ်ကြောင်း၊ ရာသီဥတုပြောင်းလဲစေသည့် မီသိန်းထွက်ရှိမှုကိုအားပေးသည့် စိုက်နည်း စနစ် အမှားများကို ပြုပြင် ရမည်ဖြစ်ကြောင်း၊ သီးနှံတိုင်းကို အတန်း လိုက်စိုက်ပျိုးခြင်း စနစ်ဖြင့် စိုက်ပျိုးပြီး ကြားထွန်ပေါင်းလိုက်ခြင်းအားဖြင့် အပင်အမြစ်များ အောက်စီဂျင်ရရှိရေး၊ လေဝင်လေထွက် ရရှိရေးအတွက် တောင်သူများ ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုလာကြစေရေး တွန်းအားပေး ဆောင်ရွက်စေလိုကြောင်း၊

ရေသွင်း၊ရေခန်းစနစ် အသုံးပြုနိုင်ရေး နှင့် မြေတွင်းလေဝင်လေထွက်မျှတစေရေး ကြားထွန်ခြင်းလုပ်ငန်းစဉ်ကို ပညာရှင်များနှင့်တောင်သူများ ပူးပေါင်းဆောင်ရွက်စေလိုပါကြောင်း၊ ထို့အပြင်ဓာတ်ကြွင်း အန္တရာယ်လျော့ချရေးနှင့် ပိုးသတ်ဆေးလျော့ချအသုံးပြုနိုင်ရေးအတွက် ပဲပြီးပဲ၊ စပါးပြီးစပါး၊အာလူးပြီး အာလူး သီးနှံပုံစံ စိုက်ပျိုးခြင်းထက် ရောဂါသံသရာ၊ ပိုး သံသရာ ဖြတ်တောက်ရန် ဒေသနှင့်ကိုက်ညီသည့် အကောင်းဆုံးသီးလှည့် စိုက်ပျိုးခြင်းစနစ်ကို စမ်းသပ်၍ စီမံချက်ထား စိုက်ပျိုးစေလိုပါကြောင်း၊

အလားတူ မျိုးကောင်းမျိုးသန့် အသုံးပြုရန်၊ မျိုးစေ့နှင့်စိုက်ပျိုးရေ အလေအလွင့်မရှိ အသုံးပြုရန်၊ ပိုးသတ်ဆေး ပေါင်းသတ်ဆေးနှင့် ဓာတ်မြေဩဇာများ လျှော့ချအသုံးပြုရန်ကိုလည်း ဝိုင်းဝန်းထိန်းကျောင်းကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ မြေဆီလွှာ သိပ္ပံသုတေသနဌာနစု မှ သုတေသနမှူး၊ ဒေါက်တာ ဝင်းသီတာဦး က အပင်အာဟာရဓာတ်၏ အခြေခံသဘောတရားများ၊ မြေဆီလွှာနှင့် အပင်အာဟာရဓာတ်များအကြောင်း အပင်အာဟာရဓာတ်ချို့တဲ့မှုနှင့် အဆိပ်သင့်မှု လက္ခဏာများ ၊ အပင်အာဟာရဓာတ်များ၏ လုပ်ဆောင်ချက်များ၊ အာဟာရဓာတ် စီမံခန့်ခွဲမှုနှင့် ရယူသုံးစွဲနိုင်မှု၊ အပင်အာဟာရဓာတ်များနှင့် မြေချဉ်/ငံကိန်း ဆက်စပ်မှုများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာသူများ၏ မေးမြန်းချက် အပေါ် ဒုတိယဝန်ကြီး နှင့် တာဝန်ရှိသူများ က ဖြည့်စွက် ဆွေးနွေးကြသည်။

၈၆ ကြိမ်မြောက်ကျင်းပသည့် အဆိုပါ ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး ဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ စိုက်ပျိုးရေးသိပ္ပံ၊စိုက်ပျိုးရေးတက္ကသိုလ် တို့မှ ပညာ ရှင်နှင့် သုတေသီများ၊ ဆရာ၊ဆရာမများ၊ စိုက်ပျိုးရေးတောင်သူများ ၃၃ ဦး တို့တက်ရောက်ကြပြီး တိုင်းဒေသကြီး ၊ ပြည်နယ် အသီးသီးမှ ပညာရှင်များနှင့် တောင်သူ ၁၅၀ ဦး တို့က ဗီဒီယို ကွန်ဖရင့်စနစ် zoom point ၁၀၀ မှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

MOALI

မျက်နှာဖုံးမှ-

ကို လည်းကောင်း၊ နေပြည်တော် ရုံးအမှတ်(၃၆) တွင် စိုက်ပျိုးထားသော မြေနိမ့်ကော်ဖီ ၂ ဒသမ ၅ ဧကနှင့် ရုံးအမှတ်(၅၀)တွင် စိုက်ပျိုးထားသော မြေနိမ့်ကော်ဖီ သုညဒသမ ၅ ဧက စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက နှစ်စဉ် မိုးရာသီသစ်ပင် စိုက်ပျိုးပွဲများ၌ စိုက်ပျိုးခဲ့ကြသည့် နှစ်ရှည်ပင်များကို အရိပ်ရပင်အဖြစ် အသုံးပြု၍ မြေနိမ့် ကော်ဖီမျိုးများ စိုက်ပျိုးခဲ့မှု၊ သက်တမ်းအလိုက် သတ်မှတ်ထားသည့် အပင်ဖြစ်ထွန်း အောင်မြင်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကော်ဖီသီးနှံကို ပြည်ထောင်စုနယ်မြေ နေပြည်တော် အပါအဝင် မြေနိမ့်ဒေသများ၌ အောင်မြင်စွာစိုက်ပျိုးနိုင်မှုအား ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိရေး နှင့် လက်တွေ့နည်းပညာပေးပြသမှုအပြင်လိုအပ်သောကူညီပံ့ပိုးမှုများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

MOALI

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့်ဈေးကွက်ရရှိစေရန်
စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်း၊ ကောင်းမွန်သောရေသတ္တဝါ မွေးမြူရေးကျင့်စဉ်၊
ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေးကျင့်စဉ် တို့ကို လိုက်နာကျင့်သုံးပါ။

# ၂၀၂၅ ခုနှစ် အောက်တိုဘာ ဒုတိယ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒ ခန့်မှန်းချက်



### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်ပါသည်။ အနောက်တောင် မုတ်သုံလေသည် ၂၀၂၅ ခုနှစ်အောက်တိုဘာ ၁၁ ရက်မှ ၁၄ ရက်အတွင်း မြန်မာနိုင်ငံ မြစ်ဝကျွန်းပေါ်ဒေသများမှလည်းကောင်း၊အောက်တိုဘာ ၁၅ ရက်မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံတောင်ပိုင်းဒေသများမှလည်းကောင်း ဆုတ်ခွာသွားဖွယ်ရာရှိပါသည်။ အနောက်တောင် မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ် ရှိနိုင်သည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

မိုးရွာသွန်းမှုအခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင်ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ခုနစ်ရက်မှ ကိုးရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် သုံးရက်မှ ခြောက်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့တွင်တစ်ပေမှ လေးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ လေးပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပါသည်။မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှတစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင်တစ်ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့ တွင်တစ်ပေခွဲခန့်၊ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင်တစ်ပေခန့်စီနှင့်ဘီးလင်း မြစ်ရေသည် ဘီးလင်းမြို့တွင် တစ်ပေခွဲခန့်လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်း မြို့တွင် တစ်ပေခန့်နှင့် တိုးမြစ်ရေသည် မအူပင်မြို့တွင်တစ်ပေခန့် လက်ရှိရေမှတ် များအထက် မြင့်တက်လာနိုင်ပါသည်။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန



## ၂၀၂၅-၂၆ တွင် ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရရှိရန်မျှော်မှန်းထား

လက်ရှိဘဏ္ဍာနှစ်ဖြစ်သော ၂၀၂၅-၂၀၂၆ တွင် မြန်မာ့ပဲမျိုးစုံ တန်ချိန် ၁ ဒသမ ၈ သန်း ကျော် တင်ပို့ရန် မျှော်မှန်းထားပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ ရှိကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့်နှမ်းကုန်သည်များအသင်းမှ သိရသည်။

မြန်မာနိုင်ငံသည် ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတကာဈေးကွက်များသို့ ပဲမျိုးစုံတန်ချိန် ၂ ဒသမ ၁၄ သန်း တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၂ သန်း ရရှိခဲ့သည်။ လက်ရှိတွင် ပြည်ပဝယ်လိုအားနှေးကွေးနေခြင်းကြောင့် ဈေးကွက် ကျဆင်းလျက် ရှိသည်။ မြန်မာနိုင်ငံသည် ပြည်ပဈေးကွက်သို့ မတ်ပဲ၊ ပဲတီစိမ်းနှင့် ပဲစင်းငုံတို့ကို အဓိက တင်ပို့နေသည်။ ၎င်းတို့အနက် မတ်ပဲနှင့် ပဲစင်းငုံကို အိန္ဒိယသို့ အဓိကတင်ပို့ပြီး ပဲတီစိမ်းကို တရုတ် နှင့် ဥရောပသို့ တင်ပို့သည်။

အိန္ဒိယသည် မတ်ပဲနှင့် ပဲစင်းငုံအတွက် ဝယ်လိုအားနှင့် စားသုံးမှုလိုအပ်ချက်များ တိုးလာနေသည်။ ၂၀၂၁ ခုနှစ် ဇွန် ၁၈ ရက်က လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာအရ အိန္ဒိယနိုင်ငံသည် မြန်မာနိုင်ငံမှ မတ်ပဲ တန်ချိန် ၂၅၀,၀၀၀ နှင့် ပဲစင်းငုံတန်ချိန် ၁၀၀,၀၀၀ ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အထိ ငါးနှစ်ဆက်တိုက် တင်သွင်းမည်ဖြစ်သည်။

ဤ G-to-G စာချုပ်သည် အိန္ဒိယမှ သတ်မှတ်ထားသော ပဲမျိုးစုံ၏ နှစ်စဉ်ခွဲတမ်းအပေါ် သက်ရောက်မှုရှိမည်မဟုတ်ပါ။ မြန်မာနိုင်ငံရှိ တင်ပို့သူများသည် အိန္ဒိယ၏ နှစ်စဉ်ခွဲတမ်းအောက်တွင် တင်ပို့နိုင်ရန်လည်း လုပ်ဆောင်နေကြသည်။

မြန်မာနိုင်ငံပဲမျိုးစုံ ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်းမှ အိန္ဒိယနိုင်ငံမှ အဓိက ဝယ်ယူသည့် မတ်ပဲသည် မြန်မာနိုင်ငံတွင်သာ တွေ့ရလေ့ရှိပြီး ပဲစင်းငုံ၊ ပဲတီစိမ်းနှင့် ကုလားပဲကို အာဖရိကနိုင်ငံများနှင့် ဩစတြေးလျနိုင်ငံများတွင် စိုက်ပျိုးကြကြောင်း သိရှိရသည်။

ဖုန်းမြတ်ဝင်းမောင်မောင်

https://www.gnlm.com.mm/mpbmsma-aims-for-us1-5b-in-pulses-exports-for-2025-26fy/

Agribiz News www.agribiznews.com.mm
agribiznews.com.mm
Agribiz Mobile Application

တာဝန်ခံအယ်ဒီတာ
ထွန်းသက်ပိုင်

အယ်ဒီတာအဖွဲ့ဝင်များ
ကျော်သူနိုင်
ကိုရင်အောင်မိုး
ထက်ဝေအောင်(စစ်ကိုင်း)

ထုတ်ဝေသူ
ဒေါက်တာအောင်ဇံထွေး(မြ-၀၀၄၁၀)

လိပ်စာ
ရုံးအမှတ်(၄၃)၊ စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ နေပြည်တော်
ဖုန်း ၀၆၇ ၃၄၁၀၁၄၂



# ဆီထွက်သီးနှံ နေကြာစိုက်ပျိုးရာတွင် ပျားအိမ်များ တိုးချဲ့ချထားရန် ပုဂ္ဂလိကပျားမွေးမြူသူများနှင့် ဆွေးနွေး

နေပြည်တော်၊ အောက်တိုဘာ ၄

ဆီထွက်သီးနှံ နေကြာတိုးချဲ့စိုက်ပျိုးရာတွင် ပျားအိမ်များ တိုးချဲ့ ချထားရန်နှင့် ပျားမွေးမြူမှုမြှင့်တင်ပြီး ပျားထွက်ပစ္စည်းမှ နိုင်ငံခြားဝင်ငွေ တိုးတက်ရရှိရန် ပုဂ္ဂလိကပျားမွေးမြူသူများအား တွေ့ဆုံပွဲအခမ်းအနားကို အောက်တိုဘာ ၄ ရက်နေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ပျားမွေးမြူမှုဖွံ့ဖြိုးရေးရုံး၌ ကျင်းပပြုလုပ်ရာ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မွေးမြူရေးသုတေသနဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မကွေး၊ မန္တလေး နှင့် စစ်ကိုင်းတိုင်းဒေသကြီးများမှ ပျားမွေးမြူသူများ၊ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဒုတိယဝန်ကြီးက ဆွေးနွေးပြောကြားရာ၌ စားသုံးဆီဖူလုံရေး နေကြာတိုးချဲ့စိုက်ပျိုးရေးနှင့်ဆက်စပ်ပြီး ပျားမွေးမြူမှုနှင့်ပျားရည်ထွက်ရှိမှု တိုးတက်လာသည့်အခြေအနေ၊ ဌာနနှင့် ပုဂ္ဂလိက ပျားအုံမွေးမြူထားရှိမှု၊ ပုဂ္ဂလိကပျားမွေးမြူမှု၊ ပုဂ္ဂလိက ပျားရည်ထွက်ရှိမှု၊ ပျားရည်၊ ပျားဖယောင်းသန့်စင်အလုပ်ရုံမှ ပျားရည်ကုန်ကြမ်းသန့်စင်ပေးနိုင်မှု၊ ပြည်ပသို့ ပျားရည်တင်ပို့နိုင်မှုအလားအလာများနှင့် နိုင်ငံခြားငွေရရှိမှုအခြေအနေ၊ မျိုးကောင်းမျိုးသန့် ပျားဘုရင်မ ဖြန့်ဖြူး ရောင်းချပေးနိုင်မှုနှင့် ပြည်သူသို့ ပျားမွေးမြူခြင်းဆိုင်ရာ တိုးချဲ့ပညာပေးသင်တန်းများဖွင့်လှစ်နိုင်မှု၊ နေကြာ စိုက်ခင်းများ၌ ပျားဖြင့်ဝတ်မှုန်ကူးဝန်ဆောင်မှုပေးနိုင်ရေး နေကြာသီးနှံ တစ်ဧကလျှင် ပျားအုံ ၁ အုံနှုန်းချထားပေးနိုင်ရေးနှင့် ပြည်တွင်း၌ ပျားစာပင်အမျိုးအစားအလိုက် စိုက်ပျိုး ၍ ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပျားရောဂါကာကွယ်ထိန်းချုပ်မှု အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဆောင်းနေကြာ ဝတ်မှုန်ကူးချိန်တွင် ပုဂ္ဂလိကပျားမွေးမြူသူများသို့ ပျားအုံများ ရောင်းချပေးနိုင်ရေးအတွက် ပျားအုံဝယ်ယူမည့်သူများနှင့် စိတ်ပါဝင်စားသူများအား တိုးချဲ့ပညာပေး သင်တန်းများ ဖွင့်လှစ်ပေးနေမှု၊ နေကြာစိုက်တောင်သူများအနေဖြင့် ပျားအုံများ တိုးချဲ့ မွေးမြူရန် လိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ၎င်းနောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် ပျားမွေးမြူရေးတောင်သူများနှင့် လုပ်ငန်းရှင်များ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြပြီး ပျားရည်ထုတ်လုပ်မှုနှင့် သန့်စင်မှုလုပ်ငန်းများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွေးမြူရေးသုတေသနစခန်းအား ကြည့်ရှုစစ်ဆေးရာ မွေးမြူရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က သုတေသနပြုလုပ်ရန် တိရစ္ဆာန်များမွေးမြူထားရှိမှု၊ ၂၀၂၅-၂၀၂၆ ခုဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ဆဲ သုတေသနလုပ်ငန်းများကို ရှင်းလင်းတင်ပြသည်။ တင်ပြ ချက်များအပေါ် ဒုတိယဝန်ကြီးက သုတေသနပြုစခန်းများ၏ မူလရည်ရွယ်ချက် သုတေသနလုပ်ငန်းများကို ဦးစားပေးအလိုက် တိုးမြှင့် ဆောင်ရွက်ရန် ဆွေးနွေးမှာကြားပြီး နို့စားနွားမျိုးအဖြစ် မျိုးမြှင့်သားစပ် သုတေသနလုပ်ငန်းများအား ကြည့်ရှု စစ်ဆေးသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးသည် အေးသာယာကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးလှစိန်၏ ဆိတ်အကောင်ရေ ၅၀၀ နှင့် သိုးအကောင်ရေ ၅၀၀ မွေးမြူထားရှိမှု၊ ညောင်ရွှေကျေးရွာအုပ်စု၊ ကင်းတားကျေးရွာရှိ မွေးမြူရေးတောင်သူ ဦးမြတ်စံ ၏ ဇီဝကမွေးမြူရေးခြံတွင် နို့နှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်နေမှုနှင့် တိရစ္ဆာန်အစာ ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပုဂ္ဂလိကမွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ခိုင်မာသောဈေးကွက်ရရှိရေး၊ မွေးမြူမှုစနစ်များနှင့် ရောဂါထိန်းချုပ် ကာကွယ်ရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်ရန် ကိစ္စရပ်များကို တာဝန်ရှိသူများအား ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

MOALI

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်
## ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲ စိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့ လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊
(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ် ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်း ပွားမှုပေါ်ပေါက်လာပါကတည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရား ရုံး ၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊
(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေ လုပ်ပိုင်ခွင့်၊
(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊
(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သောအဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။
(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

# အာဖရိကဝက်အပြင်းဖျားရောဂါအပြီး ပြန်လည်တည်ဆောက်ရမည့် အရှေ့တောင်အာရှ ဝက်သားမွေးမြူထုတ်လုပ်မှုလုပ်ငန်း

ထွန်းသက်ပိုင်

ဝက်သားသည် အရှေ့တောင်အာရှတွင် အများဆုံးစားသုံးသော အသား ဖြစ်ပြီး ၊ ဗီယက်နမ်၊ ထိုင်းနှင့် ဖိလစ်ပိုင်ကဲ့သို့သောနိုင်ငံများတွင် နေ့စဉ်အစားအစာ၊ လူနေမှုဘဝနှင့် အမျိုးသားအစားအစာလုံခြုံရေးအတွက် အရေးပါသောအရာတစ်ခုဖြစ်သည်။ သို့သော် ဒေသတွင်း ဝက်မွေးမြူရေးလုပ်ငန်းသည် အာဖရိကဝက်အပြင်းဖျားရောဂါ African Swine Fever (ASF)၊ အစာကျွေးစရိတ်အတက်အကျနှင့် ဖွဲ့စည်းပုံပြုပြင်ပြောင်းလဲမှုများ မညီညွတ်မှုတို့ကို ဆက်လက်ရင်ဆိုင်နေရဆဲဖြစ်သည်။ ယင်းအခြေအနေများအရ အသားထုတ် လုပ်မှုလုပ်ငန်းသည် စက်မှုလုပ်ငန်းအဖြစ်သို့ပြောင်းလဲခြင်း၊ ဇီဝလုံခြုံ ရေးမြှင့်တင်ခြင်းနှင့် ဥပဒေစည်းမျဉ်းများကို ပိုမိုတိကျစွာစီမံခန့်ခွဲခြင်းတို့ဖြင့် ပြန်လည်ဖန်တီးရန် ဖိအားများ ဖြစ်ပေါ်လျက်ရှိနေသည်။

ဗီယက်နမ်သည် ASF ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သောနိုင်ငံဖြစ်သည်။ ၂၀၂၅ ခုနှစ်အလယ်ပိုင်းတွင် ၃၃ ပြည်နယ်အတွင်း ရောဂါဖြစ်ပွားမှု ၁,၀၀၀ ခန့်နှင့် ဝက်အကောင် တစ်သိန်းကျော်ဆုံးရှုံးမှုရှိခဲ့သည်။ ရောဂါပြန်လည်ဖြစ်ပွားမှုသည် အသေးစားမွေးမြူရေးလုပ်ငန်းရှင်များကို စီးပွားပျက်စေခဲ့ပြီး၊ ဇီဝလုံခြုံရေးကောင်းမွန်သော စုပေါင်းစိုက်ပျိုးရေးလုပ်ငန်းကြီးများအဖြစ်သို့ ပြောင်းလဲမှုကို မြန်ဆန်စွာဖြစ်ပေါ်စေခဲ့သည်။

တစ်ပြိုင်နက်တွင် ဗီယက်နမ်အစိုးရသည် စည်းမျဉ်းစည်းကမ်းများကို တင်းကြပ်စွာအကောင်အထည်ဖော်လာသည်။ Livestock Law အသစ်အရ နေထိုင်ရာနေရာများတွင် ဝက်မွေးမြူခြင်းကို တားမြစ်ပြီး၊ သားသတ်ရုံများအတွက် စံနှုန်းများကို တင်းကျပ်စွာလိုက်နာရန်လိုအပ်မည်ဖြစ်သည်။ ဤအရေးယူမှုများသည် ရောဂါထိန်းချုပ်ရန်နှင့် စက်မှုလုပ်ငန်းသို့ပြောင်းလဲရန် ရည်ရွယ်ထားသော်လည်း၊ အသေးစားမွေးမြူရေးလုပ်ငန်းရှင်များအတွက် စိန်ခေါ်မှုဖြစ်စေလျက်ရှိသည်။

ဗီယက်နမ်တွင် ဝယ်ယူရရှိနိုင်သော ASF ကာကွယ်ဆေးများသည် ပြုပြင်ပြောင်းလဲမှုအတွက် အရေးကြီးသောအရာဖြစ်သည်။ သို့သော် အသုံးပြုမှုမှာ နှေးကွေးနေပြီး ထိရောက်မှုအပေါ်သံသယနှင့် အသေးစားမွေးမြူရေးလုပ်ငန်းများအတွက် ကုန်ကျစရိတ်ဖိအားရှိနေသည်။ ကျယ်ပြန့်စွာ အသုံးပြုမှု မရှိလျှင်၊ ရောဂါဖြစ်ပွားမှု ဆက်လက်ဖြစ်ပေါ်ကာ ထုတ်လုပ်မှု၊ အစာဝယ်လိုအားနှင့် စားသုံးသူဈေးနှုန်းများကို ဆက်လက်ထိခိုက်စေနိုင်သည်။

## ဖိလစ်ပိုင်၏ ရပ်ရွာအခြေပြု ဇီဝလုံခြုံရေး

ဖိလစ်ပိုင်သည် ၂၀၁၉ ခုနှစ်မှစ၍ ASF ရောဂါဖြစ်ပွားမှုများကြောင့် ထိခိုက်မှုများရှိသော်လည်း ယခုအခါ ပြောင်းလဲမှုအခြေအနေသို့ ရောက်ရှိလာသည်။ FAO နှင့် ဒေသခံ အာဏာပိုင်များက ထောက်ပံ့သော "biosecurity champions" အစီအစဉ်များကို လယ်သမားများက လက်ခံလာကြသည်။ ဤအစီအစဉ်များသည် အသေးစားမွေးမြူရေးလုပ်ငန်းများကို စရိတ်နည်းပြီး ထိရောက်သောနည်းလမ်းများ ဥပမာ– ခြံတွင်းသို့ဝင်ရောက်မှုထိန်းချုပ်ခြင်း၊ သန့်ရှင်းရေးစနစ်များ၊ စွန့်ပစ်စနစ် စီမံခန့်ခွဲမှုကောင်းမွန်ခြင်းစသည်တို့ ရရှိစေရန် လေ့ကျင့်ပေးသည်။

ဤကြိုးပမ်းမှုသည် အကျိုးရှိလာသည်။ Batangas နှင့် Bulacan ကဲ့သို့သော ASF ထိခိုက်ခဲ့သော ပြည်နယ်များတွင် ဝက်မွေးမြူမှု ပြန်လည်စတင်လာခဲ့သည်။ သို့သော် ပြန်လည်ထူထောင်မှုမှာ တည်ငြိမ်မှု မရှိသေးပေ။ ဝက်ကောင်ရေ စာရင်းများသည် ASF ဖြစ်ပွားမှုမတိုင်မီ အခြေအနေသို့ ပြန်လည်မရောက်ရှိသေးဘဲ ဝက်သားဈေးနှုန်းများသည် စားသုံးသူများအတွက် မြင့်မားနေဆဲဖြစ်သည်။ ထို့ကြောင့် သွင်းကုန်ပေါ်မှီခိုမှု တိုးလာပြီး ဘာရာဇီးဝက်သားသည် ဈေးကွက်တွင် အရေးပါလာကြောင်း တွေ့ရှိရသည်။

ဖိလစ်ပိုင်အတွက် စိန်ခေါ်မှုမှာ လယ်သမားယုံကြည်မှုကို ထိန်းသိမ်းနိုင်ခြင်းဖြစ်သည်။ အများစုသည် အစိုးရ၏လျော်ကြေးစနစ်များနှင့် ကာကွယ်ဆေးရရှိနိုင်မှုအာမခံချက်များမရှိလျှင် ပြန်လည်မွေးမြူရန် မသေချာကြချေ။ ဤအချက်များကို မဖြေရှင်းနိုင်လျှင် ဖိလစ်ပိုင်ဝက်မွေးမြူရေးလုပ်ငန်း၏ အခြေခံ အင်အားဖြစ်သော အသေးစားမွေးမြူရေးလုပ်ငန်းများသည် နောက်တစ်ကြိမ် ASF ရောဂါဖြစ်ပွားပါက ထိခိုက်ဆုံးရှုံးကြဦးမည်ဖြစ်သည်။

## ထိုင်းက တင်ပို့ရေးအလေးပေး

အိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင်၊ ထိုင်းသည် ပိုမိုကောင်းမွန်သောအခြေအနေတွင် ရှိနေပြီး ၎င်း၏ တင်ပို့အခြေပြု စက်မှုလုပ်ငန်းအခြေခံ ဝက်မွေးမြူရေးလုပ်ငန်းကြောင့် ဖြစ်သည်။ ထုတ်လုပ်သူလုပ်ငန်းရှင်ကြီးများသည် ဇီဝလုံခြုံရေးနှင့် ခွဲခြားမှုစောင့်ကြည့်မှုစနစ်များအတွက် စောစီးစွာ ရင်းနှီးမြှုပ်နှံခဲ့ကြသဖြင့် ထုတ်လုပ်မှုကို တည်ငြိမ်အောင် ထိန်းနိုင်ခဲ့သည်။

သို့သော် ထိုင်းသည် ASF ရောဂါမှ လုံးဝကင်းရှင်းသည်တော့ မဟုတ်ချေ။ ရောဂါဖြစ်ပွားမှုများသည် အချိန်အခါမရွေး ဖြစ်ပွားပြီး အသေးစားထုတ်လုပ်သူများကို အထူးသဖြင့် ထိခိုက်စေသည်။ အစိုးရက မွေးမြူရေးခြံမှတ်ပုံတင်မှုကို တင်းကျပ်စွာကိုင်တွယ်ပြီး သန့်ရှင်းရေးစံနှုန်းများကို မြှင့်တင်ရန် တွန်းအားပေးခဲ့သည်။ ဤလိုအပ်ချက်များသည် အသေးစားမွေးမြူရေးလုပ်ငန်းများအပေါ် ကုန်ကျစရိတ်ဖိအားဖြစ်စေကာ လုပ်ငန်းများကို ပိုမိုကြီးမားသော ထုတ်လုပ်သူများအဖြစ်သို့ ပေါင်းစည်းစေသည်။



ကာကွယ်ဆေး၊ ဇီဝလုံခြုံရေးနှင့် မျှတသောဈေးကွက်မူဝါဒတို့ ပေါင်းစပ်ထားသော မဟာဗျူဟာများအပေါ် ပိုမိုရင်းနှီးမြှုပ်နှံလာကြသည်

ထိုင်း၏ မဟာဗျူဟာအားသာချက်မှာ ဒေသတွင်းထုတ်လုပ်မှုအခြေခံအားကောင်းမှုနှင့် ဒေသတွင်းကုန်ပစ္စည်းပြတ်လပ်မှုဖြစ်ပွားသောအခါ တင်ပို့နိုင်မှုဖြစ်သည်။

သို့သော် ဤအားသာချက်သည် လုပ်ငန်းတွင်း မညီညာမှုကို ပိုမိုဖြစ်စေနိုင်ပြီး၊ အသေးစားထုတ်လုပ်သူများနှင့် ထုတ်လုပ်သူကြီးများအကြား ကွာဟမှုကို တိုးစေနိုင်သည်။ ထို့ကြောင့် လုပ်ငန်း၏အနာဂတ်တွင် ပါဝင်နိုင်မှုအပေါ် မေးခွန်းများ ထွက်ပေါ်လာသည်။

## စက်မှုလုပ်ငန်းမြှင့်တင်မှု မြန်ဆန်လာခြင်း

ဗီယက်နမ်၊ ဖိလစ်ပိုင်နှင့် ထိုင်းတို့တွင် ASF ရောဂါကြောင့် စက်မှုလုပ်ငန်းသို့ ပြောင်းရွှေ့မှု မြန်ဆန်လာသည်။ စုပေါင်းလုပ်ငန်းကြီးများ

စာ-၁၁ သို့



ဗီယက်နမ်စားသုံးသူများအကြား အစားအစာဘေးကင်း လုံခြုံရေးအပေါ် အလေးထားမှု တိုးတက်လာနေသည်။

# အိန္ဒိယမှ မြေပဲတင်သွင်းမှုတွင် မှိုဆိပ်ပါဝင်မှုတွေ့ရှိရခြင်းကြောင့် အင်ဒိုနီးရှား ဆိုင်းငံ့ထား



**အင်**ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံမှ မြေပဲတင်သွင်းမှုကို မှိုဆိပ်ပါဝင်မှု (Aflatoxin contamination) တွေ့ရှိရခြင်းကြောင့် ဆိုင်းငံ့ထားဆဲဖြစ်ရာ တင်ပို့ကုန်များသည် အချိန်သုံးပတ်မြောက်ကြာသည်အထိ ပိတ်မိနေဆဲဖြစ်ကြောင်း သိရသည်။ အိန္ဒိယစိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များ တင်ပို့မှုဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (APEDA) က အင်ဒိုနီးရှား အပင်ပိုးမွှားရောဂါ ထိန်းသိမ်းရေး အာဏာပိုင်အဖွဲ့ (IQA) နှင့် ဆက်သွယ်ခဲ့သော်လည်း အဆိုပါ ပိတ်ပင်မှုကို ရုပ်သိမ်းခြင်းနှင့် ပတ်သက်၍ အကြောင်းပြန်ကြားခြင်း မရှိသေးကြောင်း၊ အဆိုပါဆိုင်းငံ့မှုသည် စက်တင်ဘာ ၃ ရက်နေ့မှစတင်၍ အသက်ဝင်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယတင်ပို့ကုန်များတွင် မှိုဆိပ်ပါဝင်မှု (Aflatoxin contamination) တွေ့ရှိရခြင်းကြောင့်ဖြစ်ကာ အင်ဒိုနီးရှားနိုင်ငံက အိန္ဒိယနိုင်ငံသို့ ပြီးခဲ့သည့် ဩဂုတ် ၂၇ ရက်နေ့တွင် အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း The Hindu Businessline သတင်းဌာန နက ယခုလ ၂၀ ရက်က ဖော်ပြထားသည်။

အိန္ဒိယ တင်ပို့သူများအနေဖြင့် အဓိကကိစ္စရပ်နှစ်ခုကို ထောက်ပြခဲ့ကြသည်။ ပထမအချက် မှာ IQA က ကုန်ပစ္စည်းများတွင် မှိုဆိပ်ပါဝင်မှုတွေ့ရှိခဲ့သည်ဟု ဆိပ်ကမ်းသို့ ရောက်ရှိပြီး အချိန်သုံး လ အကြာတွင် ဆိုခြင်းဖြစ်ရာ ၎င်းကာလအတွင်း သိုလှောင်မှုနှင့် ကိုင်တွယ်ထိန်းသိမ်းမှု အခြေ အနေများအပေါ် သံသယဖြစ်ပေါ်စေကြောင်း၊ ဒုတိယအချက်မှာ အင်ဒိုနီးရှားနိုင်ငံ၏ စမ်းသပ်စစ်ဆေးမှုလုပ်ငန်းစဉ်အရ ကုန်ပစ္စည်းတစ်ခုလျှင် ၁ ကီလိုဂရမ် နမူနာရယူခြင်းသည် APEDA ၏ စံနှုန်း ဖြစ်သော ၂၀ ကီလိုဂရမ် နမူနာရယူမှုနှင့် ကွဲပြားနေခြင်းဖြစ်ကြောင်း၊ ၎င်းသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) စံနှုန်းများနှင့် မကိုက်ညီဟု အိန္ဒိယတင်ပို့သူများက ငြင်းခုံခဲ့ကြကြောင်း သိရသည်။ APEDA က အဆိုပါကိစ္စရပ်များနှင့် ပတ်သက်၍ မီဒီယာ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခြင်း မရှိသေးကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ မြေပဲတင်ပို့မှု သုံးပုံတစ်ပုံခန့်ကို ရရှိထားသည့် အရေးပါသောဈေးကွက်တစ်ခု ဖြစ်သည်။ ၂၀၂၄ ဘဏ္ဍာနှစ်တွင် အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ ၇၉၅ သန်း တန်ဖိုးရှိ မြေပဲတန်ချိန် ၇ ဒသမ ၄၆ သိန်းကို တင်ပို့ခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံက အမေရိကန် ဒေါ်လာ ၂၈၀ သန်း တန်ဖိုးရှိ မြေပဲတန်ချိန် ၂ ဒသမ ၇၇ သိန်းကို လက်ခံတင်သွင်းခဲ့ကြောင်း သိရ သည်။

၂၀၂၅ ခုနှစ် ခါရစ် (မိုးရာသီ) မြေပဲသီးနှံ ရိတ်သိမ်းချိန် နီးကပ်လာသည်နှင့်အမျှ အိန္ဒိယစိုက် ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များ တင်ပို့မှု ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (APEDA) နှင့် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့အား အဆိုပါ ပဋိပက္ခကို ဖြေရှင်းရန် တိုက်တွန်းထားပြီး ကုန်သည်များကယင်းသို့ ဆိုင်းငံ့မှုဆက်လက်ရှိနေပါက တောင်သူလယ်သမားများနှင့် တင်ပို့သူများကို ထိခိုက်နိုင်ကြောင်း သတိပေးခဲ့ကြောင်း သိရသည်။ အိန္ဒိယနိုင်ငံတွင် လက်ရှိမြေပဲဈေးနှုန်းသည် ၁ ကွင်တယ် (၁၀၀ ကီလို ဂရမ်) လျှင် ရူပီး ၅,၆၈၂ သို့ ကျဆင်းသွားခဲ့ရာ ဗဟိုအစိုးရ၏ ၂၀၂၆ ခုနှစ် ဇွန်တွင် ကုန်ဆုံးမည့် ရောင်းဝယ်ရေးနှစ်အတွက် သတ်မှတ်ထားသော ကြမ်းခင်းဈေး (MSP) ဖြစ်သည့် ၁ ကွင်တယ် (၁၀၀ ကီလိုဂရမ်) လျှင် ရူပီး ၇,၂၆၃ အောက်သို့ ရောက်ရှိနေကြောင်းနှင့် Gujarat ပြည်နယ်တစ်ခုတည်းကပင် တန်ချိန် ၆၆ သိန်း စံချိန်တင် ထုတ်လုပ်နိုင်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

အင်ဒိုနီးရှားနိုင်ငံက မြေပဲနှင့် ဂျုံတို့တွင် မှိုဆိပ်ပါဝင်မှု (Aflatoxin contamination) နှင့်စပ်လျဉ်း၍ ထပ်တလဲလဲ ဖြစ်ပေါ်နေသည့် ပြဿနာများကို ထောက်ပြခဲ့ပြီးနောက် တင်ပို့ကုန်များအတွက် တင်းကျပ်သော ဓာတ်ခွဲခန်းစမ်းသပ်မှုနှင့် နမူနာယူမှုလုပ်ငန်းစဉ်များ လိုအပ်ကြောင်း အိန္ဒိယစိုက်ပျိုးရေးနှင့် ပြုပြင်ပြီးစားသောက်ကုန်များ တင်ပို့မှု ဖွံ့ဖြိုးရေးအာဏာပိုင်အဖွဲ့ (APEDA) ၏ မကြာသေးမီက ထုတ်ပြန်ထားသည့် အကြံပြုချက်များနောက်ပိုင်းတွင် လက်ရှိဖြစ်ပွားနေသော အငြင်းပွားမှုသည် ဖြစ်ပေါ်လာခြင်း ဖြစ်ကြောင်း သိရသည်။ ၂၀၂၂ ခုနှစ်တွင်လည်း မှိုဆိပ်ပါဝင်မှု မြင့်မားခြင်းနှင့် ဓာတ်ခွဲခန်းမှတ်ပုံတင်ခြင်းဆိုင်ရာ ပြဿနာများကြောင့် အလားတူဆိုင်းငံ့မှုတစ်ခု ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

မှိုဆိပ် (Aflatoxins) များသည် ပူနွေးစိုစွတ်သော အခြေအနေများတွင် Aspergillus မှိုများမှ ထုတ်လုပ်သော ဓာတ်ပစ္စည်းများဖြစ်ပြီး သီးနှံနှင့် ဆီထွက်သီးနှံများတွင် ညစ်ညမ်းမှုဖြစ်စေကာ ကင်ဆာဖြစ်စေနိုင်သောဂုဏ်သတ္တိ (carcinogenicity) အပါအဝင် သိသာထင်ရှားသော ကျန်းမာရေး အန္တရာယ်များကို ဖြစ်စေကြောင်း တွေ့ရှိရသည်။ Aflatoxin B1 ကို ပြင်းထန်သော အသည်းကင်ဆာ ဖြစ်စေနိုင်သည့် အရာ (liver carcinogen) အဖြစ် လူသိများကြောင်း သိရသည်။

ကောင်းထွဋ်အောင်

The Hindu Businessline, Indian exporters dispute Indonesia's suspension of peanut imports 3 months after shipments landed at its ports, September 20, 2025.

# မလေးရှားနယ်စပ်တွင် တရားမဝင် အသားများ ဖမ်းဆီးရမိ

**မ**လေးရှားနယ်စပ်ထိန်းချုပ်ရေးနှင့် ကာကွယ်ရေးအေဂျင်စီ (MCBA) သည် ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၇ မှ ၂၄ ရက်အတွင်း Pasir Gudang ဆိပ်ကမ်း (Johor) တွင် ခွင့်ပြုချက်မရှိသော အေးခဲအသားများပါဝင်သည့် ကွန်တိန်နာ ၃ လုံးကို ဖမ်းဆီးခဲ့ပြီး၊ ၎င်းတို့၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၂၁,၀၀၀ ခန့်ရှိကြောင်း သိရသည်။ ထို တင်ပို့မှုများတွင် မလေးရှားသားငါးကွပ်ကဲရေးနှင့်စစ်ဆေးရေးဌာန (MAQIS) မှ သွင်းကုန်ခွင့်ပြုလက်မှတ်နှင့် ကျန်းမာရေးဆိုင်ရာလက်မှတ်များ မပါဝင်ခဲ့ကြောင်း သိရှိရသည်။

ပထမအကြိမ်ဖမ်းဆီးမှုတွင် MCBA အရာရှိများက အမေရိကန်ဒေါ်လာ ၂၁၄,၀၀၀ တန်ဖိုးရှိသော အေးခဲဝက်သား ၂၇,၈၁၆ ကီလိုဂရမ် ပါဝင်သည့် ကွန်တိန်နာတစ်ခုကို ဖမ်းဆီးခဲ့သည်။ ထိုပစ္စည်းများတွင် အမေရိကန်မှ ဝက်အရေပြား၊ ဗီယက်နမ်မှ နို့စို့ဝက်ကလေးများ၊ ပိုလန်မှ ဘဲခြေထောက်များ ပါဝင်သည်။





နောက်ထပ်ဖမ်းဆီးမှုနှစ်ကြိမ်တွင် ထိုင်းမှ အရိုးမပါသော ကြက်ရင်အုံသားများ ပါဝင်သည့် ကွန်တိန်နာနှစ်ခုကို စက်တင်ဘာ ၁၈ နှင့် ၂၄ ရက်တွင် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ထို ကြက်သားများ၏ စုစုပေါင်း အလေးချိန်မှာ ၅၂,၉၉၂ ကီလိုဂရမ် ဖြစ်သည်။

MCBA က မလေးရှားဥပဒေအရ

စာ-၇ သို့

# ဗီယက်နမ် Musang King ဒူးရင်းသီး ဈေးနှုန်းများ မြင့်တက်

ဗီယက်နမ်နိုင်ငံရှိ အမျိုးအစား အမြင့်ဆုံး Musang King ဒူးရင်းသီးများ၏ လက်ကား ဈေးနှုန်းသည် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၃၃ မှ ၁၀ ဒသမ ၆၀ အထိ ရှိပြီး လွန်ခဲ့သော တစ်နှစ်ကထက် နှစ်ဆနီးပါး မြင့်တက်နေသည်။ စိုက်ကွင်းအတွင်း ဈေးနှုန်းများလည်း မြင့်တက်လာကာ ကန်သိုမြို့နှင့် ဒက်လတ်ခရိုင်၊ တီယင်ဂျီယန်းခရိုင်ရှိ ဒူးရင်းသီးခြံများတွင် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၅ ဒသမ ၃၀ ခန့်ဖြင့် ရောင်းချလျက် ရှိသည်။



စိုက်ပျိုးရေးသမားတစ်ဦးဖြစ်သူ Mai က ယခုနှစ် ဒူးရင်းသီးရိတ်သိမ်းမှုသည် ၂၀ ရာခိုင်နှုန်း ပိုမို များပြားသော်လည်း အဆင့် (၁) ရှိသော ဒူးရင်းသီး ရှားပါးနေကြောင်း ပြောကြားခဲ့သည်။ အရည်အသွေးနိမ့် ဒူးရင်းသီးများကို တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၀ ခန့်ဖြင့် ရောင်းချနေရပြီး နှစ်စဉ် ၂၅ ရာခိုင်နှုန်း ပိုမိုမြင့်တက်နေသည်။ သူမအနေဖြင့် ဒူးရင်းသီး ၂ တန်ကို အမေရိကန်ဒေါ်လာ ၈,၃၀၀ ဖြင့် ရိတ်သိမ်း ရောင်းချခဲ့ရကြောင်း ပြောကြားခဲ့သည်။ " Musang King ဒူးရင်းပင်များသည် အပင်ပြုစုရန် ခက်ခဲသောကြောင့် ခြံများအနေဖြင့် ကုန်ကျမှုကို ပြန်လည်တွက်ချေကိုက်ရန် နှစ်ပေါင်းများစွာ ကြာနိုင်ပါတယ်ဟု သူမက ပြောသည်။

ကန်သိုမြို့မှ ဒူးရင်းသီးကုန်သည်တစ်ဦးဖြစ်သူ Manh Khuong က "မဲခေါင် မြစ်ဝကျွန်းပေါ် ဒေသမှာ အဆင့် ၁ Musang King ဒူးရင်းသီးရဲ့ ရောင်းချမှုပမာဏဟာ လုံးဝနီးပါးကုန်ခမ်းသွားပြီး၊ လက်ရှိ အောက်တိုဘာအတွင်းက မွန်းတည့်ပွဲ တော် ကာ လ ဖြ စ် တဲ့ အ တွ က် ဝယ်လိုအားကလည်း အထူး မြင့်မားနေတယ်" ဟု ထောက်ပြ ပြောဆိုခဲ့သည်။ အလယ်ပိုင်းကုန်းမြင့်ဒေသမှ အခြားကုန်သည် တစ်ဦးဖြစ်သူ Phan Thi Hang ကမူ မိုးသည်းထန်မှုကြောင့် ဒူးရင်းသီး၏ အရည်အသွေးထိခိုက်ခဲ့ပြီး ရိတ်သိမ်းရာသီလည်း ကုန်ဆုံးတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။သူမက "ရာသီအစ (ဩဂုတ်လ) တုန်းက တစ်ရက်ကို ဒူးရင်းသီး ၅-၁၀ တန်အထိ ဝယ်ယူနိုင်ခဲ့ကြောင်း၊ ဒါပေမယ့် ယခု ကီလိုဂရမ် ရာဂဏန်း လောက်ပဲ ရှာဖွေဝယ်ယူနိုင်တော့တယ်" ဟု ဆိုသည်။

Musang King ဒူးရင်းမျိုးစိတ်အား ၎င်း၏ထူးခြားသောအရသာကြောင့် "ဒူးရင်းသီးများ၏ ဧကရာဇ်" အဖြစ် မကြာခဏ ဖော်ပြလေ့ရှိပြီး ၎င်းတွင် ဘဲဥပုံသဏ္ဌာန်၊ အစိမ်းရင့်ရောင်အခွံ၊ ကြီးမားသော ဆူးများနှင့် အရင်းတွင် ကြယ်ပွင့်ပုံစံငါးမြောင့် ရှိသည်။

ဗီယက်နမ်နိုင်ငံတွင် ၎င်းကို ထိုင်းမျိုးစိတ်များနှင့် မကြာခဏ ဝတ်မှုန်ကူးခြင်းပြုလုပ်ကာ Ri6 နှင့် Monthong မျိုးစိတ်များနှင့် နှိုင်းယှဉ်ပါက သေးငယ်ပြီး သီးလုံးဝိုင်းသော ပုံစံများ ဖြစ်သည်။

Dak Lak ခရိုင် ဒူးရင်းသီး အသင်းအဖွဲ့က ဒေသတွင်း စိုက်ပျိုးထားသည့် Musang King ဒူးရင်းပင်အများစုသည် အပင်သက်တမ်း ၄-၇ နှစ်ကြား ရှိပြီး ၁၀ နှစ်ခန့် ရောက်သည်အထိ အများဆုံး ထွက်ရှိနိုင်မည် မဟုတ်သေးကြောင်း ပြောကြားခဲ့သည်။ လက်ရှိ စိုက်ပျိုးထားသော အပင်များကို ထပ်မံ ပံ့ပိုးပေးခြင်းအားဖြင့် ပြည်တွင်းဈေးကွက်ကို ဖြည့်ဆည်းပေးနိုင် ရုံသာမက စံချိန်စံညွှန်းမီသော ပြည်ပပို့ကုန်များကိုပါ ဖြည့်ဆည်းနိုင်မည်ဟု မျှော်မှန်းရသည်။

ဒေသရှိ ဒူးရင်းခြံများတွင် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ (၃ ဒသမ ၄၀-၃ ဒသမ ၈၀) အထိ ရောင်းချနေပြီး ယခုဈေးနှုန်းသည် ပြီးခဲ့သည့်နှစ်ကထက် ၁၅ ရာခိုင်နှုန်းခန့် မြင့်တက်နေသည်။ ယင်းနှင့်ယှဉ်လျှင် ဒေသတွင်း မျိုးစိတ်ဖြစ်သော Ri6 ၏ ဈေးနှုန်းမှာ စိုက်ကွင်းအတွင်းဈေး (Farm gate price) အနေဖြင့် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ (၁ ဒသမ ၇၀-၁ ဒသမ ၉၀) အ တွင်း တည်ငြိမ်နေဆဲဖြစ်ကြောင်း သိရှိရသည်။

ဥမ္မာထွန်း

https://www.freshplaza.com/asia/article/9768854/vietnamese-musang-king-durian-prices-surge/

စာ-၆ မှ

သက်ဆိုင်ရာခွင့်ပြုချက်များမပါဘဲ စိုက်ပျိုးရေးထုတ်ကုန်များကို တင်သွင်းခြင်းသည် တရားမဝင်ကြောင်း အထူးသတိပေးခဲ့ပြီး၊ ပြည်သူ့ကျန်းမာရေးနှင့် နိုင်ငံ၏ အစားအစာထုတ်ကုန်ကွင်းဆက်ကို ကာကွယ်ရန်အတွက် မလေးရှားအစိုးရက တရားမဝင် အသားတင်သွင်းမှုများကို ဆက်လက်အရေးယူနေကြောင်း ဖော်ပြခဲ့သည်။

TTP

Asianagribiz.com(7 October)

# ကမ္ဘောဒီးယား သစ်သီးဝလံနှင့် စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှု ၃၀ ရာခိုင်နှုန်း တိုးမြင့်လာ

ကမ္ဘောဒီးယားသည် ၂၀၂၅ ခုနှစ်၏ ပထမကိုးလအတွင်း စိုက်ပျိုးရေးထွက်ကုန် ၁၁ ဒသမ ၁၃ သန်းတန် တင်ပို့ခဲ့ပြီး၊ ယခင်နှစ်အချိန်တူကာလအတွင်းရှိ ၈ ဒသမ ၅၃ သန်းတန်နှင့် နှိုင်းယှဉ်လျှင် ၃၀ ဒသမ ၄ ရာခိုင်နှုန်း တိုးတက်မှုရှိခဲ့သည်ဟု စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဤတင်ပို့မှုများသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီမှ စက်တင်ဘာအထိ ကမ္ဘာ့နိုင်ငံ ၈၈ ခုသို့ တင်ပို့ခြင်းမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၃ ဒသမ ၈၈ ဘီလီယံ ဝင်ငွေ ရရှိစေခဲ့သည်။

အဓိကစိုက်ပျိုးထုတ်ကုန်များတွင် ပီလောပီနံ၊ သရက်သီး၊ ငှက်ပျောသီး၊ ငရုပ်သီး၊ သီဟိုဠ်စေ့၊ လောင်ဂန်သီး၊ ဒူးရင်းသီးနှင့် ပြောင်းစေ့တို့ ပါဝင်သည်။

စိုက်ပျိုးရေးသည် ကမ္ဘောဒီးယား စီးပွားရေးကို ထောက်ပံ့သော အခြေခံအင်အားလေးခုအနက် တစ်ခုဖြစ်ပြီး၊ အထည်အလိပ်၊ ဖိနပ်နှင့် ခရီးသွားပစ္စည်းများတင်ပို့မှု၊ ခရီးသွားလုပ်ငန်းနှင့် ဆောက်လုပ်ရေး/အိမ်ခြံမြေလုပ်ငန်းတို့နှင့်အတူ ပါဝင်သည်။



ကမ္ဘောဒီးယားကုန်သွယ်ရေးဝန်ကြီးဌာန၏ ပြောခွင့်ရအရာရှိ Penn Sovicheat အဆိုအရ၊ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားထုတ်ကုန်များအတွက် အဓိကဈေးကွက်တစ်ခုဖြစ်နေဆဲဖြစ်သည်။ "ဒေသဆိုင်ရာစီးပွားရေးဖက်စပ်သဘောတူညီမှု (RCEP) နှင့် ကမ္ဘောဒီးယား-တရုတ် အခမဲ့ကုန်သွယ်ရေးသဘောတူညီမှု (CCFTA) အရ ကမ္ဘောဒီးယားထုတ်ကုန်အချို့၊ အထူးသဖြင့် အရည်အသွေးမြင့် စိုက်ပျိုးထုတ်ကုန်များဖြစ်သော ဆန်၊ ငှက်ပျောသီး၊ သရက်သီး၊ လောင်ဂန်သီးနှင့် ဒူရင်းသီးများကို တရုတ်သို့ အခွန်သက်သာခွင့်ဖြင့် တင်ပို့နိုင်ခဲ့ကြောင်း" ဟု ၎င်းက ပြောကြားသည်။

TTP

FreshPlaza.com(9 October)

# ငါးရှဉ့်ငါး၏ ထူးခြားသောသဘာဝနှင့် ကျန်းမာရေးကောင်းကျိုး

ပင်လယ်ပြာ(ငါးဦးစီး)

ငါးရှဉ့်ငါးသည် ခန္ဓာကိုယ်ရှည်လျားချောမွေ့နေပြီး ကျဉ်းမြောင်းသော ဦးခေါင်း၊ တိုသောမေးရိုးများပါရှိကြပါသည်။ ငါးရှဉ့်ကို အင်္ဂလိပ်လို "Swamp eel (သို့) ricefield eel ဟုလည်း လူသိများကြပါသည်။ငါးရှဉ့်ကို ရုတ်တရက်ကြည့်လိုက်လျှင် ငါးဟုမည်သူမှမထင်ဘဲ ရေမြွေတစ်မျိုးဟု ထင်မှတ်မှားကြသည်။မြွေကဲ့သို့ အကြေးခွံများမပါရှိကြဘဲ ၎င်း၏ခန္ဓာကိုယ်မှထွက်သည့် အကျိအချွဲများဖြင့် ပြောင်ချောနေတတ်သည့် ငါးမျိုးစိတ်လည်းဖြစ်သည်။ တချို့မျိုးစိတ်များမှာ တွင်းတူး၍နေလေ့ရှိကြသည်။

ငါးရှဉ့်များကို ရေချိုချောင်း၊ မြောင်း၊အင်းအိုင်၊စမ်းချောင်း၊စပါးခင်းတို့တွင်အများဆုံးတွေ့ရလေ့ရှိပြီး ပင်လယ်ပိုင်းနှင့် လယ်ကွင်းများတွင်လည်း တွေ့ရတတ်ပါသည်။

## ငါးရှဉ့်အမျိုးအစား

ငါးရှဉ့်တွင် နှစ်မျိုးရှိသည်။ ငါးရှဉ့်ပနီ(ပါးနီ)နှင့် ငါးရှဉ့်ပမဲ(ပါးမဲ)ဟူ၍ဖြစ်သည်။ငါးရှဉ့်ပနီသည် အကောင်ငယ်၍ ငါးရှဉ့်ပမဲက ကြီးထွားနှုန်းပိုကောင်းသဖြင့် အကောင်ပိုကြီးသည်။ ငါးရှဉ့်ပနီသည် နီဝါဝါအဆင်းရှိပြီး စားရာတွင်နူးညံ့၏။ ငါးရှဉ့်ပမဲထက်ပို၍ အရသာရှိပြီး နှစ်ချို့အရွယ်အစားထိ အရောင်အဆင်း မပြောင်းလဲတတ်ချေ။ကျပ်လုံးအရွယ်ထက်လည်း ပိုမို၍ မကြီးထွားတတ်ချေ။

ငါးရှဉ့်ပါးမဲမှာ ညိုသောအဆင်းရှိပြီး သေးငယ်သောအကြေးခွံသေးသေးလေးများ ရှိတတ်ကြသည်။ ငါးရှဉ့်ပါးနီထက် အကောင်အရွယ်အစားကြီး ထွား ကြ သ ည် ။ ငါး ရှ ဉ့် ပါး နီ လောက် အသားမနူးညံ့သော်ငြား ပါးမဲမှာ ဆေးဖက်ဝင်သည်ဟု သိရသည်။ ငါးရှဉ့်များမှာ အပုပ်အစပ်များကို အလွန်ကြိုက်ပြီး အလွန် အစားကြူးသောငါးတစ်မျိုးဖြစ်သည်။ ငါးရှဉ့်မျိုးစိတ်တချို့သည် တိရစ္ဆာန်အသေကောင်များကို စားသောက်လေ့ရှိသည်။

## ငါးရှဉ့်၏ သဘာဝ

ငါးရှဉ့်သဘာဝသည် တစ်ကောင်နှင့် တစ်ကောင် လုံးလုံးထွေးထွေး အစုလိုက်အပြုံလိုက်ရှိနေတတ်၍ အစုလိုက် အပြုံလိုက်ဖမ်းဆီးရမိရန်လည်း လွယ်ကူပါသည်။ငါးရှဉ့်များမှာ ပုံမှန်အားဖြင့် အလျား(၂-၃) ပေအထိ အရှည်ရှိကြသည်။ပင်လယ်ထဲ၌နေသော တချို့ငါးရှဉ့်ကြီးများမှာ ဖိပေကျော်အထိ ရှည်လျားကြပါသည်။ ငါးရှဉ့်များမှာ ၎င်းတို့၏ အစာအဖြစ် ငါး၊ အခွံမာရေသတ္တဝါ၊ တုပ်ပြားကောင်နှင့် အခြား ရေနေအကောင်လေးများကို ညဘက်တွင် ရှာဖွေစားကြသည်။

## ဥ အုခြင်းနှင့် သားပေါက်ခြင်း

ငါးရှဉ့်အမမှာ ဥတစ်ကြိမ်ဥလျှင် ဥပေါင်း ၁၀၀၀ ခန့် ဥအုနိုင်ကြပြီး ငါးရှဉ့်အထီးမှာ ငါးရှဉ့်အမ ကိုယ်ဝန်ဆောင်ချိန်တွင် ရေမြုပ်အသိုက်ဆောက်ခြင်း၊ အမအား အစာရှာဖွေကျွေးမွေးခြင်းများ ပြုရသည်။ ငါးရှဉ့် အမများမှာ ကိုယ်ဝန်ဆောင်ချိန်မှစ၍ အသိုက်တွင်ကျင်းအောင်းပြီး နေလေ့ရှိကြပြီး အကောင်ပေါက်ပြီးပါက အသိုက်ကိုစွန့်ခွာတတ်ကြသည်။ ငါးရှဉ့်ဥလေးများကိုငါးရှဉ့်လားမြောက်သည်အထိ ငါးရှဉ့်အထီးက ဆက်လက်စောင့်ရှောက်ရသည်။

ငါးရှဉ့်ကလေးများသည် ဥမှပေါက်လာသည့်အခါတွင် သေးငယ်ပြီး ပြားသောပုံသဏ္ဌာန် ရှိကြသည်။ ပထမ နှစ်လခန့်တွင် ငါးရှဉ့်ကလေးသည် ၃ လက်မခန့် ရှိသည်။ ထိုနောက် အနည်းငယ်မျှ ပြန်၍ ငယ်သွားကြသည်။ အရောင်လည်း အညိုရောင်သို့ ပြောင်းသွားသည်။ ထိုအခါမှ ငါးရှဉ့်နှင့် ပုံပန်းသဏ္ဌာန်တူလာတော့သည်။

## လက္ခဏာသွင်ပြင်

သာမန်ငါးရှဉ့်၌ ကျဉ်းမြောင်းသော ဦးခေါင်း၊ တိုသောမေးရိုးနှင့် ရှည်လျားသောကိုယ် ရှိသည်။ လည်မျိုနားတွင်လည်း ဆူးတောင် ၂ ခုပါရှိသည်။ ထိုဆူးတောင် ၂ ခု အပြင် နောက်ကျောအလယ် အမြီးနားတစ်ဝိုက်လောက်ဆီမှ အစာအိမ်အလယ်ပိုင်းလောက်အထိ တဆက်တည်းဖြစ်နေသော ဆူးတောင် တစ်မျိုးလည်း ရှိသေးသည်။

ငါးရှဉ့်ငယ်သည် ငါးရှဉ့်ကြီးအဖြစ်သို့ ပြောင်းလဲသွားသည်နှင့် တစ်ပြိုင်နက် ရေချိုရပ်များသို့ စတင်ခရီးထွက်တော့သည်။ ရေချိုဒေသများဖြစ်သည့် ချောင်းမြောင်း၊ အင်းအိုင်တို့သို့ ရောက်လျှင် ငါးရှဉ့်သည် ထပ်မံကြီးထွားလာသည်။ ပင်လယ်မှ ရေချိုဒေသသို့ ခရီးထွက်ရာတွင် လမ်းခရီး၌ မကျော်ဖြတ်နိုင်သော ရေတံခွန်၊ ချောက် ကျော်ဖြတ်နိုင်သော ရေတံခွန်၊ ချောက် စသည်တို့နှင့်တွေ့လျှင် ငါးရှဉ့်သည် ရေထဲမှ ထွက်လာကာ မြက်စိုများရှိရာအရပ်ကို ကျော်ဖြတ်၍ အလိုရှိသော ချောင်းမြောင်းများရှိရာ အရပ်သို့ အရောက်သွားလေ့ ရှိသည်ဟု အဆိုရှိလေသည်။

## ငါးရှဉ့် စားဖွယ်စုံ

ငါးရှဉ့်သည် ရေသတ္တဝါများထဲတွင် တခြားသတ္တဝါများထက် လေးပင်ပြီး အရသာရှိသဖြင့် မြန်မာတို့သည် ငါးရှဉ့်ကို ကင်၍လည်းကောင်း၊ ချက်၍လည်းကောင်း စားကြသည်။ ငါးရှဉ့်ပနီ(ပါးနီ)မှာ ငါးရှဉ့်ပမဲ (ပါးမဲ) ထက် ပို၍စားကောင်းသည်ဟု သိရသည်။ ထူးခြားချက်မှာ ငါးရှဉ့်သွေးကို အရက်ထဲ ထည့်သောက်လျှင် အမျိုးသားများအတွက် အင်အားတိုးပွားစေသည်ဟု တရုတ်လူမျိုးများက ယူဆကြသည်။

ထိုမျှသာမက ငါးရှဉ့်အသားသည် သည်းခြေကိုနိုင်ပြီး ဝမ်းမီးတောက်ခြင်းကို ပြု၏။ ပိုးနာကိုပျောက်ကင်းစေနိုင်သည်ဟု ဖတ်မှတ်ရဖူးပါသည်။

လူကြိုက်များသည့် နာမည်ကြီးငါးရှဉ့်ဟင်းလျာများမှာ ငါးရှဉ့်ခြောက်စပ်၊ ငါးရှဉ့်ချဉ်စပ်၊ ငါးရှဉ့်မြေအိုး၊ ငါးရှဉ့်ပင်စိမ်းချက်၊ငါးရှဉ့်ဖက်ကဖောင်း၊ ငါးရှဉ့်ဆူရှီ၊ ငါးရှဉ့်တန်ပူရာကြော်တို့ဖြစ်ကြသည်။ငါးရှဉ့်ငါးမှာ အရသာထူးခြားလှပြီး စီးပွားရေးအရ အရေးပါသောငါးတစ်မျိုးဖြစ်သည်။





## ငါးရှဉ့်စားခြင်း၏ ကောင်းကျိုး၊ဆိုးကျိုးများ

ငါးရှဉ့်ကြိုက်နှစ်သက်သူတွေအတွက်တော့ ငါးရှဉ့်သည် အခြားငါးများထက် အရသာအရှိဆုံးဟုလည်း ဆိုကြပါသည်။ငါးရှဉ့်တွင် ပရိုတင်းဓာတ်ပါဝင်မှုများပြီး သတ္တုဓာတ်၊ ဗီတာမင်ဓာတ်များလည်း ပါဝင်ပါသည်။ အထူးသဖြင့် ငါးရှဉ့်စားလျှင် သွေးအားကောင်းပါသည်။

### ၁။ ဗီတာမင်ဓာတ်များ ကြွယ်ဝခြင်း

ငါးရှဉ့်သည် မျက်လုံးကျန်းမာရေး၊ အာရုံကြောအတွက် ကောင်းမွန်ပြီး ပရိုတင်းဓာတ်ကြွယ်ဝကာ ဟော်မုန်းနှင့် ဦးနှောက်သွေးဖိအားများကို ထိန်းညှိပေးပါသည်။ငါးရှဉ့်စားပေးလျှင် ဦးနှောက်ထဲတွင် သွေးခဲခြင်းကို လျော့ပါးစေပါသည်။

### ၂။ ကယ်လိုရီပါဝင်မှုများခြင်း

ငါးရှဉ့်တွင် ကယ်လိုရီပါဝင်မှုမှာ များ ပါ သ ည် ။ ငါး ရှ ဉ့် ဟ င်း လျာ မှာ တစ်နေ့လုံး ခန္ဓာကိုယ်လှုပ်ရှားရန် 



လိုအပ်သော ကယ်လိုရီပမာဏများ ပါဝင်ပါသည်။ထို့ကြောင့် ငါးရှဉ့်ကို ထမင်းဖြူနှင့် စားသုံးလျှင်တော့ ကာဗိုဟိုက်ဒရိတ်ဓာတ်များ အများကြီး ပါဝင်သောကြောင့် ကိုယ်အလေးချိန်ကိုတက်စေပါသည်။

### ၃။ သံဓာတ်ကြွယ်ဝခြင်း

ငါးရှဉ့်သည် ခန္ဓာကိုယ်ထဲမှာ သံဓာတ်များအောင် ကူညီပေးပါသည်။ သံဓာတ်လုံလောက်မှုမရှိလျှင် ခန္ဓာကိုယ်ထဲ၌ သွေးနီဥများနည်းပါးသည့်အပြင် ခေါင်းမူး၊ခေါင်းကိုက်၊အား နည်းခြင်းများ ခံစားရနိုင်ပါသည်။ ငါးရှဉ့်သည် ဟင်းနုနွယ်ရွက်၊ ကြက်အသည်းနှင့် ပြည်ကြီးငါးကဲ့သို့ သံဓာတ်ကြွယ်ဝပါသည်။

### ၄။ Phosphorus ဓာတ် ကြွယ်ဝခြင်း

အရိုးများပွပြီး အရိုးပါးရောဂါဖြစ်မှာ စိုးရိမ်နေသူများအတွက် ငါးရှဉ့်

စာ-၁၅ သို့

# စိုက်ပျိုးရေးမွေးမြူရေးထွက်ကုန်များနှင့်ဈေးကွက်

လှဆန်း(စိုက်ပညာရှင်)

စီးပွားရေးလုပ်ငန်းတိုင်းတွင် ဈေးကွက်နည်းပညာသည် အရေးအကြီးဆုံး အချက်တစ်ခု ဖြစ်ပါသည်။ လုပ်ငန်းတိုင်းတွင် အခြားဆက်နွယ်လုပ်ငန်းပိုင်းများ အားနည်းသော်လည်း ဈေးကွက်ဖော်ဆောင်မှုအပိုင်း ကောင်းမွန်ပါက လုပ်ငန်းအကျိုးအမြတ်ရရှိပြီး အောင်မြင်ဖြစ်ထွန်းနိုင်ပါသည်။ ဈေးကွက်နည်းပညာနိမ့်ကျပါက အောင်မြင်ဖြစ်ထွန်းရန် ခဲယဉ်းမည်ဖြစ်သည်။



စာရေးသူသည် တောင်သူလယ်သမားသားသမီးဖြစ်ပြီး စိုက်ပျိုးရေးတက္ကသိုလ်တက် ရောက်ခါ စိုက်ပျိုးရေးဘွဲ့ကိုရရှိခဲ့ပါသည်။ စိုက်ပျိုးရေးဘွဲ့ရပြီးမှစ၍ စိုက်ပျိုးရေးဌာန စိုက်ကွင်း စိုက်ခြံ ဥယျာဉ်ခြံများတွင် ပင်စင်ယူသည့်အသက် ၆၀ အထိ နိုင်ငံ့တာဝန်ကို ထမ်းဆောင်ခဲ့ပါသည်။ အသက် ၆၀ ပြည့်ပင်စင်ယူပြီးနောက် ယခုအသက် ၇၁ နှစ်အရွယ်အထိ ကိုယ်ပိုင်သရက်ခြံ၊ လျှော်ဖြူခြံများ တည်ထောင်စိုက်ပျိုးရေးလုပ်ခဲ့ပါသည်။ သို့သော် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများနှင့် စီးပွားရေးဖြစ်ရန်မလွယ်ကူကြောင်း လက်တွေ့လုပ်ကိုင်သိရှိခဲ့ရပါသည်။

စာရေးသူသည် ဈေးကွက်နည်းပညာ အားနည်းခဲ့သူတစ်ဦးဖြစ်ပါသည်။ သို့သော် စိုက်ပျိုးရေး နည်းပညာ ပြည့်စုံထက်မြက်သူတစ်ဦးဖြစ်ပါသည်။ စာရေးသူအသက် ၄၀ နှစ်ခန့်အရွယ် စိတ္တိန်း ချောင်းမကုန်းစောင်းမြေ စံပြခြံ မန်နေဂျာဘဝတွင် စိုက်ပျိုးရေးပညာရှင်တစ်ဦးအနေဖြင့် စဉ်းစား သုံးသပ်မိသည်မှာ မည်သည့်သီးနှံ၊ မည်သည့်ဒေသ၊ မည်သည့်မြေမျိုး၊ ရာသီဥတုမျိုးမဆို သီးနှံ အထွက်နှုန်းကောင်းအောင်နှင့် အရည်အသွေးကောင်းအောင် လုပ်နိုင်သည်ဟု ယုံကြည်ခဲ့ပါသည်။ သို့သော် စီးပွားရေးတွက်ချေကိုက်အောင် လက်တွေ့လုပ်ဖို့ခက်ခဲမည်ဟု သိရှိလက်ခံလာခဲ့ပါသည်။ မိမိကိုယ်တိုင်ကလည်း ငယ်ရွယ်စဉ် တောင်သူလယ်သမားဘဝ ဝန်းကျင်တွင် ဈေးကွက်နှင့်အကျိုးအမြတ်ကို မစဉ်းစားခဲ့ဘူးပါ။ သို့သော် မိဘဘိုးဘွားများ ထွက်ရှိခဲ့သည့် သီးနှံနှင့် တိရစ္ဆာန်များသည် သားငါးဈေးနှုန်းနိမ့်ကျခဲ့၍ ဝင်ငွေနည်း ဆင်းရဲခဲ့ကြကြောင်းတော့ လက်တွေ့သိရှိခဲ့ရပါသည်။

စာရေးသူသည် ဈေးကွက်နည်းပညာနှင့် နီးစပ်မှုလည်း မရှိခဲ့ပါ။ သို့သော်လည်း စိုက်ပျိုးရေးတက္ကသိုလ်တွင် စိုက်ပျိုးရေးစီးပွားဘာသာရပ်တွင် ဈေးကွက်နှင့်ပတ်သက်၍ ဝယ်လိုအားနှင့် ရောင်းလိုအား အခြေခံသဘောတရားများကို သင်ခဲ့ရ၏။ ဝန်ထမ်းဘဝတွင် ဈေးကွက်ဆိုင်ရာ ပညာပေးစာအုပ်များကို ဝယ်ယူဖတ်ရှုလေ့လာခဲ့ဖူး၏။ ဤစာတွေ့နှင့်လက်တွေ့ အတွေ့အကြုံများကို အခြေခံ၍ စာရေးသူအသက် ၅၈ နှစ်အရွယ် ၁၉၁၄-၁၉၁၉ ခုနှစ်တွင် စိုက်ပျိုးစီးပွားပညာ အလေးထားစရာ ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ပါသော မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးရေးအခြေခံဆောင်းပါးများ ပညာပေးစာအုပ်တစ်အုပ် ထုတ်ဝေခဲ့ပါသည်။

ယခုအခါတွင် နိုင်ငံတော်အနေနှင့် စိုက်ပျိုးမွေးမြူရေးအခြေခံ၍ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်အချိန်တွင် စာရေးသူအနေနှင့် ယခု ၇၁ နှစ်အရွယ်အထိ မိမိစာတွေ့လက်တွေ့ အတွေ့အကြုံများကို အခြေခံ၍ ဤစိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များနှင့် ဈေးကွက် ဆောင်းပါးကို ရေးသားလိုက်ပါသည်။

စာရေးသူသည် ကိုယ်တိုင် သီးနှံမျိုးစုံ စိုက်ဖူးခဲ့သလို မွေးမြူရေးနှင့်ပတ်သက်၍လည်း ကြက်၊ ဘဲ၊ ဝက်၊ ရစ်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ငါး မွေးမြူရေးကို အနည်းနှင့်အများ ဆောင်ရွက်ခဲ့ဖူးပါသည်။

လက်တွေ့တွင် စိုက်ပျိုးရေးနှင့် မွေးမြူရေး နှစ်ခုလုံး၏ အကျိုးအမြတ်သည် ဈေးကွက်ပေါ်သာ မူတည်နေကြောင်း တွေ့ရပါသည်။ လက်ရှိမြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်မည်ဆိုပါက လုပ်ငန်းအဆင့်အတန်း အမျိုးမျိုးရှိ၏။ အချို့မှာ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို မိမိတို့ တစ်နိုင်လုပ်နေကြသော လုပ်ကွက်ငယ်လုပ်သူများလည်းရှိသည်။ ဤအဆင့်တွင် လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့်မှာ အရင်းအနှီးနှင့် နေရာအကျယ်အဝန်း အထိုက်အလျောက်ရှိကြသည့် လုပ်ငန်းလတ် လုပ်ကိုင်ကြသူများဖြစ်၏။ ၎င်းတို့သည် လုပ်ငန်းအားလုံး၏ ၃၀ ရာခိုင်နှုန်းခန့်ရှိ၏။ အချို့မှာအရင်းအနှီးတောင့်တင်းပြီး ကမ္ဘာ့အဆင့်အတန်းမီ နည်းပညာမြင့်၍ ဆောင်ရွက်နိုင်ကြသော အဆင့်မြင့်ကုမ္ပဏီများ ဖြစ်ကြသည်။ ဤအဆင့်တွင် လုပ်ငန်းအားလုံး၏ ၁၀ ရာခိုင်နှုန်းရှိပါသည်။ ဤအဆင့်အားလုံး ရပ်တည်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်လာရေးအတွက် အဓိကလိုအပ်ချက်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များ၏ ဈေးကွက် ကောင်းမွန်ရေးပင် ဖြစ်ပါသည်။

လယ်ယာသားငါးထွက်ကုန်များသည် ဒေသအလိုက် သယ်ယူပို့ဆောင်ရေးစနစ် အမျိုးမျိုးဖြင့် (ယာဉ်၊ ရထားစသည်) နေ့စဉ် စီးဆင်း ဝင်/ထွက်လျက် ရှိကြပါသည်။ သီးနှံထွက်ကုန်များ၊ ရေထွက်ပစ္စည်းများသည်လည်း ကုန်ကြမ်းအဖြစ်လည်းကောင်း၊ ပြုပြင်ပြီးသော်လည်းကောင်း ပြည်ပသို့ တင်ပို့နေကြသည်လည်း ရှိပါသည်။ သို့ဖြစ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ထွက်ရှိသည့် ကုန်စည်အမျိုးမျိုးသည် လက်ကားကုန်စည်ဒိုင်၊ ကုန်သည်/ပွဲစားများမှ တစ်ဆင့် စားသုံးသူများထံ လက်လီဈေးအမျိုးမျိုးမှတစ်ဆင့် နေ့စဉ်ရောက်ရှိလျက်ရှိကြပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက် ဈေးကွက်နှင့်ဆက်နွယ်သော နည်းပညာ၊ နည်းစနစ်များ တိုးတက်ဆောင်ရွက်ရန် လိုအပ်ချက်များကို ဆက်လက် တင်ပြသွားပါမည်။

ရှေးဦးစွာ လယ်ယာသားငါး ထုတ်ကုန်များ၏ အရည်အသွေးကို အဆင့်မြှင့်တင်ပေးရပါမည်။ ဤတွင် ခေတ်မီနည်းပညာများကို အသုံးချရပါမည်။ တနည်းအားဖြင့် တန်ဖိုးမြင့် ထုတ်ကုန်များ (Valued Added Products)အဖြစ် ထုတ်လုပ်နိုင်ရန် ခေတ်မီ စက်မှုနည်းပညာများပါ အသုံးချ၍ သီးနှံနှင့်သားငါးတို့ကို အချိန်ကြာခံနိုင်စေသည့် Canned စည်သွပ်ခြင်း၊ Dried အခြောက်ခံခြင်း၊ Frozen အေးခဲခြင်းတို့ကို ဆောင်ရွက်ထိန်းသိမ်း အရည်အသွေးမြှင့်ရပါမည်။ စံချိန်စံညွှန်းမီသော ကုန်စည်များသည် ပြည်တွင်း/ပြည်ပ စားသုံးသူများ၏ ဘေးကင်းလုံခြုံရေး (Food Safety)အတွက် အရေးကြီးလှပါသည်။

အရည်အသွေး သက်သေခံလက်မှတ်များ GMP, HACCP, ISO, Organic အဆင့်အတန်းလက်မှတ်များရအောင် ဆောင်ရွက်ပြီး အဆင့်မြင့်ဈေးကွက်များနှင့် နိုင်ငံတကာအဆင့်အတန်းမြင့်ဈေးကွက်များသို့ တင်ပို့ရောင်းချကြရပါမည်။ ဤတွင် GMP ဆိုသည်မှာ Good Manufacturing Practices ကောင်းသောစက်မှုထုတ်လုပ်မှု အလေ့အကျင့်ကောင်းများကို ခေါ်ပါသည်။ HACCP ဆိုသည်မှာ အစားအသောက်အန္တရာယ်ခန့်မှန်းနှင့်ထိန်းချုပ်စနစ်ဖြစ်ပါသည်။ Hagard Analysis and critical control Points ဖြစ်ပါသည်။

ISO ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ၊ နည်းပညာများကို စံချိန်စံညွှန်းတူညီစေရန် သတ်မှတ်ပေးသော အဖွဲ့အစည်းကို ခေါ်ပါသည်။ International Organization for Standardization ဖြစ်ပါသည်။ သီးနှံ၊ သားငါးများကို မပျက်မစီး အချိန်မီ ပို့ဆောင်ပေးရန် အဆင့်မြင့်သယ်ယူပို့ဆောင်ရေးအစီအမံများကို ဆောင်ရွက်ရပါမည်။

ထို့ပြင် ထုတ်ကုန်များကို အမှတ်တံဆိပ် Brand အမှတ်အသား Logo၊ ထုတ်ပိုးမှုစနစ်၊ Packaging တို့ကိုလည်း စနစ်တကျ သတ်မှတ်အသုံးပြုရပါမည်။ ဈေးကွက်ချဲ့ထွင်မှုကိုလည်း စနစ်တကျ ဆောင်ရွက်သွားကြရပါမည်။ ပြည်တွင်းဈေးကွက်တွင် Supermarket, Hypermarket, Online Market Place,

စာ-၁၁ သို့

# စိုက်ပျိုးမွေးမြူရေးပညာနှင့် နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များ (အပိုင်း-၃၅)

## စိုက်ပျိုးမွေးမြူရေး တက္ကသိုလ်များခေတ်နှင့်အညီလိုအပ်သောဘာသာရပ် နှင့်သုတေသနများ (၁၁)

(ယခင်အပတ်မှအဆက်)

ဒေါက်တာမျိုးကြွယ်
ပါမောက္ခချုပ်(ငြိမ်း)

### ဂုဏ်ထူးဆောင်ပါမောက္ခများ/ဂုဏ်ထူးဆောင်သုတေသနပညာရှင်များ (Professors/Researchers/Emeritus for Agriculture)

ထပ်မံပြီး စာရေးသူကြုံတွေ့ခဲ့ရသော နိုင်ငံတကာစိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များရှိ ဂုဏ်ထူးဆောင် ပါမောက္ခများ/ ဂုဏ်ထူးဆောင်သုတေသနပညာရှင်များ (Professors/ Emeritus) ခန့်အပ်ခြင်းနည်းစနစ်ကို ဆွေးနွေးပါမည်။စိုက်ပျိုးမွေးမြူရေးတက္ကသိုလ်များအတွက် ဘွဲ့လွန်သင်တန်းကျောင်း (Graduate School) နှင့်အတူ နိုင်ငံအကျိုးပြု စိုက်ပျိုး မွေးမြူရေးဆိုင်ရာ ဘွဲ့လွန်သုတေသနများနှင့် ဘွဲ့လွန် ကျောင်းသား/ ကျောင်းသူများစွာ ရရှိလာစေရန် လက်ရှိ ကြီးကြပ်သူ ဆရာ/ဆရာမများနှင့်အတူ ဘွဲ့လွန်သုတေသနများကို ကြီးကြပ်လမ်းညွှန်နိုင်သော အတွေ့အကြုံများစွာရှိသော စိုက်ပျိုးမွေးမြူရေး ပညာရှင်များမှာ အငြိမ်းစားပညာရှင်များနှင့်ပြင်ပလုပ်ငန်း လုပ်ကိုင်နေသူ မဟာသိပ္ပံ/ပါရဂူဘွဲ့ရ ပညာရှင်များစွာ စာရေးသူတို့မြန်မာနိုင်ငံတစ်ဝန်းမှာ လက်ရှိနေထိုင်လျက်ရှိနေကြပါသည်။ ထိုအထဲမှ အချို့သည်နိုင်ငံအတွက်လိုအပ်သော ခေတ်မီစိုက်ပျိုး၊မွေးမြူရေးသုတေသနများကို ကြီးကြပ်နိုင်စွမ်းရည်ရှိပါသည်။ ဂုဏ်ထူးဆောင်ပါမောက္ခများ/သုတေသနပညာရှင်များ အကြောင်း ဆွေးနွေးကြည့် ရအောင်ပါ။

#### ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များတွင် "ဂုဏ်ထူးဆောင်ပါမောက္ခ" (Professor Emeritus) ခန့်အပ်ခြင်း၏ အရေးပါမှုနှင့် နမူနာများ

"ဂုဏ်ထူးဆောင်ပါမောက္ခ (အမျိုးသားများအတွက်-အီမာရီတပ်-Emeritus (သို့မဟုတ်) အမျိုးသမီးများအတွက် - အီမာရီတာ - Emerita) သည် အငြိမ်းစားယူပြီးသော ထူးချွန် ထက်မြက်သည့် ပညာရှင်များ/ပါမောက္ခများအား ဂုဏ်ပြုသောဘွဲ့ဖြစ်ပြီး ၎င်းတို့၏ဘဝတစ်လျှောက်ပညာရေးလောကအတွက် ပံ့ပိုးမှုများကို အသိအမှတ်ပြုခြင်းဖြစ်ပါသည်။ ဤဓလေ့သည် ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များတွင် အခြေစိုက်ပြီး အဖွဲ့အစည်းနှင့် တစ်ဦးချင်း၊ တက္ကသိုလ်တစ်ကျောင်းချင်းအတွက် အကျိုးကျေးဇူးများစွာရှိပါသည်။

#### အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အရည်အချင်းများ

မူလအစ: "Emeritus" ဟူသောစကားလုံးသည် လက်တင်ဘာသာမှ ဆင်းသက်လာပြီး "ဂုဏ်ပြုမှုများဖြင့် အငြိမ်းစားယူသူ" ဟုအဓိပ္ပာယ်ရပါသည်။

အရည်အချင်း: ပုံမှန်အားဖြင့် အချိန်ပြည့်ပါမောက္ခများအား ရာထူးမှ အနားယူပြီးနောက် (များသောအားဖြင့် ၁၀ နှစ်ကျော် တာဝန်ဆောင်မှုပြီးမှ) ဂုဏ်ပြုခြင်းဖြစ်ပါသည်။ တက္ကသိုလ်မှ ဆရာ/ဆရာမများ မဟုတ်ဘဲ သုတေသနပညာရှင်၊ ပြင်ပစိုက်ပျိုးမွေးမြူရေး ပညာရှင်များဖြစ်ပါက ဧည့်ပါမောက္ခ/ဧည့်ကထိက (Visiting Professors/Visiting Lecturers) ဟူ၍ အမည်ပေးခန့်အပ်နိုင်ပါသည်။

ခန့်အပ်မှုလုပ်ငန်းစဉ်: တက္ကသိုလ်ကြီးကြပ်မှုအဖွဲ့/တက္ကသိုလ်ကောင်စီ၏ ဆုံးဖြတ်ချက်ဖြင့် သို့မဟုတ် အလိုအလျောက် ချီးမြှင့်နိုင်ပါသည်။တစ်ခါတစ်ရံ ဂုဏ်ပြုပွဲကျင်းပပေးနိုင်ပါသည်။

#### ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်များအတွက် အရေးပါမှု

(က) တက္ကသိုလ်အဖွဲ့အစည်းဆိုင်ရာ အကျိုးကျေးဇူးများ

ကျွမ်းကျင်မှုများကို ထိန်းသိမ်းခြင်း: အကြံဉာဏ်ပေးခြင်း၊ သုတေသနပူးပေါင်း ဆောင် ရွက်ခြင်းနှင့် ကျမ်းပြုစုရာတွင် အထောက်အကူပြုခြင်းများအတွက် အတွေ့အကြုံရှိ ပညာရှင်များနှင့် ဆက်သွယ်ပေးနိုင်ပါသည်။

ဂုဏ်သတင်းမြှင့်တင်ခြင်း: ထင်ရှားသော ဂုဏ်ထူးဆောင်ပါမောက္ခများနှင့် ဆက်စပ်မှုသည် လက်ရှိတက္ကသိုလ်၏ အဆင့်အတန်းနှင့် ဂုဏ်သတင်းကို မြှင့်တင်ပေးပါသည်။

စရိတ်စကထိရောက်မှု: ဂုဏ်ထူးဆောင်ပါမောက္ခ အချို့သည် လစာမယူဘဲ ပံ့ပိုးကူညီလေ့ရှိသောကြောင့် ဘဏ္ဍာရေးဝန်ထုပ်ဝန်ပိုးကို လျှော့ချပေးပါသည်။

(ခ) စိုက်ပျိုးမွေးမြူရေး၊ ပညာရေးဆိုင်ရာ အဆက်အစပ်များ

သုတေသနဦးဆောင်မှု: အချို့ ဂုဏ်ထူးဆောင်ပါမောက္ခများသည် သုတေသနလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ပြီး သုတေသနငွေကြေးရရှိရန် ဦးဆောင်နိုင်ပါသည်။

သင်ကြားမှု: အချို့တက္ကသိုလ်များတွင် အီမာရီတပ် ပါမောက္ခများအား အထူးစာသင်ပို့ချ ခွင့်ပြုပေးပါသည်။

(ဂ) ကျောင်းသားဟောင်းများနှင့် ပြည်သူ့ဆက်ဆံရေး

သံတမန်အခန်းကဏ္ဍ: ဂုဏ်ထူးဆောင်ပါမောက္ခများသည် တက္ကသိုလ်ကိုယ်စားပြု နိုင်ငံတကာ ဆွေးနွေးပွဲ၊ သုတေသနညီလာခံများတွင် ကိုယ်စားပြုနိုင်ပါသည်။

ပံ့ပိုးကြီးကြပ်မှု: အလုပ်သစ်ဝင်စ ဆရာ/ဆရာမများနှင့် ကျောင်းသားများအား လမ်းညွှန် မှုပေးနိုင်ပါသည်။

#### အခွင့်အရေးများနှင့် စိန်ခေါ်မှုများ

(က) အခွင့်အရေးများ

ကျောင်းဝင်းအတွင်းရှိ အထောက်အပံ့၊ အခွင့်အလမ်း၊ အရင်းအမြစ်များကို အသုံးပြုခွင့်: စာကြည့်တိုက်၊ ဓာတ်ခွဲခန်းနှင့် အီးမေးလ်စနစ်များ အသုံးပြုခွင့်ရရှိနိုင်ပါသည်။

ပညာရေးလွတ်လပ်ခွင့်: ဂုဏ်ထူးဆောင်ပါမောက္ခများသည် အုပ်ချုပ်ရေးတာဝန်များမရှိဘဲ လွတ်လပ်စွာ သုတေသနလုပ်နိုင်သည်။ ဘွဲ့လွန်ကျောင်းသား/ကျောင်းသူများကို ကြီးကြပ် လမ်းညွှန်ပေးနိုင်ပါသည်။

(ခ) စိန်ခေါ်မှုများ

ပါဝင်မှုအဆင့် ကွဲပြားမှု: အချို့ ဂုဏ်ထူးဆောင်ပါမောက္ခများသည် လုံးဝပါဝင်လုပ်ရှားမှု မရှိဘဲ အချို့မှာ တက်ကြွစွာပါဝင်လေ့ရှိသည်။

ငွေကြေးကန့်သတ်ချက်များ: အချို့တက္ကသိုလ်များတွင် သုတေသနအတွက် ငွေကြေး ပံ့ပိုးမှုနည်းပါးသည်။

#### ကမ္ဘာတစ်ဝန်းမှ နမူနာများ

(၁) ဟားဗတ်တက္ကသိုလ် (အမေရိကန်) Harvard University, US:

နိုဘယ်ဆုရှင် ဂုဏ်ထူးဆောင်ပါမောက္ခ ဖြစ်သူ ဒေါက်တာမာတင်ကာပလပ်စ် - ဓာတုဗေဒ (Prof. Dr. Martin Karplus-Chemistry)သည် မကွယ်လွန်မီအထိ သုတေသနလုပ်ငန်းများကို ဆက်လက် လုပ်ဆောင်ခဲ့ပါသည်။ တက္ကသိုလ်စာကြည့်တိုက်နှင့် ဓာတ်ခွဲခန်းများသို့ ဝင်ရောက်အသုံးပြုပြီး ကျောင်းသား/သူများကို ကြီးကြပ်ခဲ့ပါသည်။

သို့သော် ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာမာတင်ကာပလပ်စ် (Prof. Dr. Martin Karplus) သည် ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာ ၂၈ ရက်နေ့တွင် အသက် ၉၄ နှစ်၌ ကွယ်လွန် ခဲ့ပြီဖြစ်ပါသည်။ သူ၏ ကွယ်လွန်ချိန်အထိပင် သိပ္ပံပညာရပ်နယ်ပယ်တွင် တက်ကြွစွာ လုပ်ဆောင်ခဲ့ပြီး ၂၀၂၄ ခုနှစ်နှောင်းပိုင်းတွင် စာတမ်းများ ထုတ်ဝေခဲ့သည့်အပြင် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီတွင် ကွယ်လွန်ပြီးနောက် ထုတ်ဝေခဲ့သော စာတမ်း တစ်စောင်ပင် ရှိခဲ့ ပါသည်။


ဂုဏ်ထူးဆောင်ပါမောက္ခ
ဒေါက်တာမာတင်ကာပလပ်စ်

သူသည် ၂၀၁၃ ခုနှစ်တွင် "ရှုပ်ထွေးသော ဓာတုစနစ်များအတွက် multiscale မော်ဒယ် များ တီထွင်ခြင်း" ဖြင့် ဓာတုဗေဒဆိုင်ရာ နိုဘယ်ဆုကို ပူးတွဲရရှိခဲ့သူဖြစ်သည်။ သူ၏ လုပ်ဆောင်ချက်များသည် ရူပဗေဒ (Physics)၊ ဓာတုဗေဒ (Chemistry) နှင့် ဇီဝဗေဒ (Biology) တို့ကို ပေါင်းစည်းပေးခဲ့ပြီး၊ ယင်းနယ်ပယ်များအကြားရှိ ကွာဟချက်ကို လျှော့ချပေးခဲ့ပါသည်။ သူ၏ အမွေအနှစ်များထဲတွင် "Karplus

စာ-၁၁ သို့

စာ-၅ မှ

အားကောင်းလာပြီး အသေးစား မွေးမြူရေးလုပ်ငန်းများ ရှန်းကန်နေရသည်။ ဝက်မွေးမြူမှုမြန်မြန်ဆန်ဆန် တိုးတက်လာချိန်တွင် အစာဝယ်လိုအားသည် မတည်ငြိမ်တော့ဘဲ အတက်အကျဖြစ်လာသည်။ ဝက်သားဈေးနှုန်းသည် ရောဂါဖြစ်ပွားမှုနှင့် ရွေးချယ်ဆောင်ရွက်သည့် အစီအစဉ်များအပေါ် အထိအခိုက်မခံနိုင်ဖြစ်နေကြောင်း တွေ့ရသည်။

အဓိက သင်ခန်းစာမှာ အာဖရိက ဝက်အပြင်းဖျားရောဂါသည် တစ်ခုတည်းသော ဖျက်ဆီးသူမဟုတ်ပါ။ မူဝါဒနှင့် ဖွဲ့စည်းပြုပြင်ပြောင်းလဲမှုများကလည်း များစွာ အရေးကြီးကြောင်း တွေ့ရပါသည်။

ဗီယက်နမ်၏ တင်းကျပ်သော ဥပဒေများ၊ ဖိလစ်ပိုင်၏ ရပ်ရွာအခြေပြု ဘိုင်အိုလုံခြုံရေးလေ့ကျင့်ရေး၊ ထိုင်း၏ စက်မှုလုပ်ငန်းစည်းကမ်းများသည် ကွဲပြားသော ဗျူဟာများကို ဖော်ပြလျက်ရှိသည်။ ထိုသုံးနိုင်ငံက ဖော်ပြနေသည်မှာ အာဖရိကဝက်အပြင်းဖျားရောဂါအား အပြီးတိုင် ဖယ်ရှားခြင်းဖြင့် အရှေ့တောင်အာရှ ဝက်သားလုပ်ငန်း၏ အနာဂတ်ကို သတ်မှတ်နိုင်မည်မဟုတ်ဘဲ ရင်ဆိုင်တုံ့ပြန်ကြံ့ကြံ့ခံနိုင်မှုဖြင့်သာ အနာဂတ်ကို ဖော်ဆောင်နိုင်မည်ဟူ၍ ဖြစ်ပေသည်။

## ပြန်လည်တည်ဆောက်ခြင်း

အရှေ့တောင်အာရှသည် ယခုအခါ အသေးစားမွေးမြူရေး လုပ်ငန်းများကို ထိခိုက်ပျက်စီးစေနိုင်သော အပိုင်းလိုက်တုံ့ပြန်မှုကို ဆက်လက်လုပ်ဆောင်မည်လော သို့မဟုတ် ကာကွယ်ဆေး၊ ဇီဝလုံခြုံရေးနှင့် မျှတသောဈေးကွက်မူဝါဒ တို့ကို ပေါင်းစပ်ထားသော စည်းစနစ်တကျ မဟာဗျူဟာများအပေါ် ရင်းနှီးမြှုပ်နှံမည်လော ဟူသည့် လမ်းနှစ်သွယ် အနက်မှ တစ်ခုရွေးချယ်ရန် ရင်ဆိုင်နေရပေသည်။

ဗီယက်နမ်သည် ကာကွယ်ဆေး အသုံးပြုမှုတွင် ကွာဟချက်များ မရှိအောင် ဖြေရှင်းရမည်။ ဖိလစ်ပိုင်သည် ရပ်ရွာအခြေပြု ရောဂါကာကွယ်ရေးနှင့် လျော်ကြေးစနစ်များကို ပိုမိုအာရုံစိုက်ရမည်။ ထိုင်းသည် အသေးစားထုတ်လုပ်သူများကို နောက်ကျန်မနေစေရန် ထောက်ပံ့ပေးရမည်။ စားသုံးသူများသည် ဝက်သားဈေးနှုန်းပေါ်သာမက အစားအစာလုံခြုံရေးနှင့် ထုတ်လုပ်မှုကွင်းဆက်အပေါ် ယုံကြည်မှု ရှိရမည်ဖြစ်သည်။

အစိုးရများသည် ကျေးလက်ဒေသလူမှုဘဝများကို တည်တံ့စေခြင်းနှင့် စိုက်ပျိုးရေးကို ခေတ်မီအောင်ပြုပြင်ခြင်း ဆောင်ရွက်ရမည် ဖြစ်သည်။ ဝက်သားထုတ်လုပ်ငန်းအနေဖြင့် အရှေ့တောင်အာရှ ဝက်မွေးမြူရေးလုပ်ငန်းသည် တုံ့ပြန်နိုင်မှုရှိပြီး၊ ပါဝင်နိုင်မှုရှိကြောင်း သက်သေပြရန်ဖြစ်သည်။

ယခုအခါ အရှေ့တောင်အာရှ၏ ဝက်သားထုတ်လုပ်မှုလုပ်ငန်းသည် လမ်းဆုံတွင် ရှိနေသည်။ ရွေးချယ်လိုက်သည့်လမ်းကြောင်းက ဤဒေသသည် ကမ္ဘာ့ဝက်သားထုတ်လုပ်မှုဗဟိုအဖြစ် ဆက်လက်တည်ရှိနိုင်မည်လား ဒါမှမဟုတ် အာဖရိက ဝက်အပြင်းဖျားရောဂါကြောင့် အနာဂတ်ပြောင်းလဲသွားရသည့် သတိထားရမည့် ပုံပြင်တစ်ခု ဖြစ်လာမည်လား ဆိုသည်ကို ဆုံးဖြတ်ပေးသွားမည်ဖြစ်ပေသည်။

(AsianAgribiz Team ၏ သုံးသပ်ချက်ဆောင်းပါးကို ပြန်ဆိုထားခြင်းဖြစ်ပါသည်။)

**ထွန်းသက်ပိုင်**

Asianagribiz.com(6 October), How are Vietnam, Thailand, and the Philippines rebuilding after ASF

စာ-၁၀ မှ

equation" ဟု လူသိများသည့် ညီမျှခြင်းနှင့် CHARMM ကွန်ပျူတာ ပရိုဂရမ် တို့ ပါဝင်သည်။

(၂) ကိန်းဘရစ်တက္ကသိုလ် (ယူကေ) Cambridge University, UK:

ပါမောက္ခစတီဖင်ဟော့ကင်း (Stephen Hawking)သည် မသန်စွမ်းဖြစ်နေသော်လည်း လူကေးရှန်း ဂုဏ်ထူးဆောင်ပါမောက္ခ (Lucasian Professor Emeritus) ဘွဲ့ကို ရရှိခဲ့ပြီး အငြိမ်းစားယူပြီးနောက်တွင်လည်း ဤတက္ကသိုလ်တွင် ဆက်လက်သင်ကြားသုတေသန ပြုနေခဲ့ပါသည်။ ၂၀၁၈ခုနှစ် မတ် ၁၄ရက်နေ့တွင် ကွယ်လွန် သွားခဲ့ပါသည်။


ဂုဏ်ထူးဆောင်ပါမောက္ခ စတီဖင်ဟော့ကင်း

(၃) တိုကျိုတက္ကသိုလ် (ဂျပန်) Tokyo University, Japan:

ဤတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခများသည် နိုင်ငံတော်၏ သိပ္ပံနည်းကျမူဝါဒများ (National Scientific Policy) ရေးဆွဲရာတွင် ပါဝင်ကူညီနေပါသည်။

(၄) စင်ကာပူ အမျိုးသားတက္ကသိုလ် (NUS National University of Singapore):

ဤတက္ကသိုလ် ဂုဏ်ထူးဆောင်ပါမောက္ခများသည် အာဆီယံ သုတေသနလုပ်ငန်းများ (ASEAN Research Works) တွင် ပါဝင်ကူညီနေပါသည်။

(၅) နည်းပညာတက္ကသိုလ်၊ ဇူးရစ်၊ ဆွစ်ဇာလန် ETH Zurich, Switzerland:

ကမ္ဘာ့နာမည်ကြီးပုဂ္ဂိုလ် အဲလ်ဘတ် အိုင်းစတိုင်း (Albert Einstein) သည် ဤတက္ကသိုလ် မှ ဂုဏ်ထူးဆောင် ပါမောက္ခဘွဲ့ရရှိခဲ့သူဖြစ်ပြီး ၁၉၅၅ ခုနှစ် ဧပြီ ၁၈ရက်တွင်ကွယ်လွန် သွားခဲ့ပါပြီ။ ယခုအခါဤတက္ကသိုလ်ရှိ ဂုဏ်ထူးဆောင် ပါမောက္ခများသည် ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ သုတေသနများ (Climate Change Research) ကို ဦးဆောင်လျက် ရှိနေပါသည်။



ဂုဏ်ထူးဆောင်ပါမောက္ခ အဲလ်ဘတ် အိုင်းစတိုင်း

**ဒေါက်တာမျိုးကြွယ်**

(ဆက်လက်ဖော်ပြပါမည်)

စာ-၁၃ မှ

ကာလ ခူးဆွတ်မှုနည်းအဝင်နည်းသွားခြင်းကြောင့် တစ်ပိဿာ ၂၅၀၀ကျပ်မှ ၃၀၀၀ကျပ် စတက်ကာ ၃၅၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ချောင်းဦးဘက်မှ ငရုတ်စို(လတ်)များမှာလည်း ၄၅၀၀ကျပ်သို့ ဈေးမြင့်သွားပြီး ငပိထောင်း၊ လက်ဖက်လုပ်ငန်းသမားအဝယ်သာရှိနေသည်။ ရှမ်းတောင်ခရမ်းချဉ်မှာ အဝင်နည်းသော်လည်း မြို့တွင်းသုံးသာရှိခြင်းကြောင့် ၂၀ပိဿာ တစ်သေတ္တာ ၅၀၀၀၀ကျပ်မှ ၆၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပန်းမုံလာ၊ ဂေါ်ဖီထုတ်များမှာလည်း အဝင်နည်းခြင်းကြောင့် အရည်အသွေးညံ့သော်လည်း ပန်းမုံလာတစ်ပွင့် ၁၅၀၀ကျပ်၊ ဂေါ်ဖီတထုပ် ၁၅၀၀ကျပ်ထိ ဈေးမြင့်နေသည်။ ဘိုစားပဲတစ်ပိဿာ ၄၀၀၀ကျပ် ဂေါ်ရခါးသီးတစ်လုံး ၂၀၀ကျပ်ဖြင့် စားသောက်ဆိုင်နှင့် လက်လီသမားအဝယ် ပုံမှန်ရှိသည်။

## ဂျုံနှင့် အစေ့ထုတ်ပြောင်းဈေးကွက်

ဂျုံဈေးနှုန်းများအနေဖြင့် အဝင် ပုံမှန် ဂျုံစက်များဝယ်ယူမှုပုံမှန်ရှိခြင်း၊ လှောင်သမားထံမှ ဝယ်ရခြင်း၊ အထွက်နည်းအဝင်နည်းခဲ့ခြင်း ကြောင့် ငါန်ဇွန်၊ မြို့သာ၊ မုံရွာ၊ ဘုတလင်၊ စစ်ကိုင်း၊ ဆားတောင်၊ ရွှေဘို၊ မြင်းမူ၊ မြောင် ဂျုံများ အရည်အသွေးပေါ်မူတည်၍ ၃တင်းတစ်အိတ် ၂၃၀၀၀၀ကျပ်မှ ၂၃၅၀၀၀ကျပ်ဖြင့် ရောင်းချနေသည်။ ရှမ်းဂျုံမှာ ဂျုံထွက်နည်း၍ အကြိုက်နည်းပြီး အရည်အသွေးပေါ်မူတည်၍ ၁၉၀၀၀၀ကျပ်မှ ၂၀၅၀၀၀ကျပ် ဈေးအမျိုးမျိုးနှင့် ရောင်းဝယ်နေပြီး ကြူကုတ်ဂျုံမှာ ၁၉၅၀၀၀ကျပ်ဖြင့်ရောင်းချနေသည်။ သြစတေးလျ ဂျုံမှုန့်မှာ မုန့်လုပ်ငန်းသမားများ အဝယ်ပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၃၈၅၀ကျပ်ဖြင့် ဈေးတည်ငြိမ် နေသည်။

အစေ့ထုတ်ပြောင်းဈေးနှုန်းအနေဖြင့် မန္တလေးကုန်စည်ဒိုင်သို့ မိုးပြောင်းများအဝင်နည်းသော် လည်း တိရစ္ဆာန်အစာစပ်သမားများက ပဲဖတ်၊ နှမ်းဖတ်၊ ပဲပုတ်ဖတ်များ အစားထိုးကျွေးရန် ဝယ်ယူခြင်းကြောင့် ၃တင်းတစ်အိတ် ၇၆၀၀၀ကျပ်မှ ၇၄၅၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။

**ခင်မေကြည်**

စာ-၉ မှ

City mark, Online, Foodpanda များတွင် တိုက်ရိုက်ရောင်းချနိုင်အောင် စီစဉ်ရပါမည်။ နိုင်ငံခြားဈေးကွက်များအဖြစ် အိမ်နီးချင်းနိုင်ငံများ ထိုင်း၊ တရုတ်၊ အိန္ဒိယ၊ လာအိုသို့ လည်းကောင်း၊ အနောက်ပိုင်း EU, USA, Middle East နိုင်ငံများသို့ တင်ပို့နိုင်အောင် ဆောင်ရွက်ကြရပါမည်။

ဤသို့ ဈေးကွက်ထိုးဖောက်ဆောင်ရွက်နိုင်ရန်အတွက် ထုတ်ကုန်ကွင်းဆက်တစ်လျှောက် (Supply Chain) တွင် ပါဝင်ပတ်သက်သူအားလုံး နိုင်ငံတော်အစိုးရ၊ စိုက်ပျိုးမွေးမြူသူများ သက်ဆိုင်ရာဌာနဆိုင်ရာဝန်ထမ်းများ၊ စားသုံးသူများသည် စည်းလုံးညီညွတ်စွာဖြင့် မိမိအကျိုး၊ အများအကျိုးကို ရှေးရှုကာ အားလုံး (Win Win Situation) အကျိုးရှိစေရန် ပူးပေါင်းဆောင်ရွက်သွားသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။

**လှဆန်း(စိုက်ပညာရှင်)**




၁၁-၁၀-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ယခုရက်သတ္တပတ်အတွက်ဆန်စပါးကုန်စည်ဒိုင်(ဝါးတန်းလမ်း)တွင် ထုတ်ပြန်ထားသည့် ဆန်ဈေးနှုန်းများအရ ရွှေဘိုပေါ်ဆန်း ဆန်အဟောင်း အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၅၅၀၀၀ ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၁၅၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ရွှေဘို ပေါ်ဆန်း ဆန်အသစ် အလတ်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၁၄၅၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၁၄၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဖျာပုံပေါ်ဆန်း အဟောင်း အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၁၂၀၀၀၀ကျပ်နှုန်းဖြင့်လည်းကောင်း၊ ဧယာဆန်အသစ်အလတ်စ တစ်တင်းခွဲတစ်အိတ်လျှင် ၅၅၀၀၀ကျပ်နှုန်းနှင့် အောက်စတစ်အိတ်လျှင် ၅၂၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ညွှန့်မထ ၂၅ ရာခိုင်နှုန်း အကြမ်း အလတ်စ တစ်တင်းခွဲတစ်အိတ် လျှင် ၄၈၀၀၀ ကျပ် နှင့် အောက်စ တစ်တင်းခွဲ တစ်အိတ်လျှင် ၄၇၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း၊ ငစိန်ဆန်အလတ်စ တစ်တင်းခွဲအိတ်လျှင် ၅၂၀၀၀ ကျပ်နှုန်းနှင့် အောက်စ တစ်အိတ်လျှင် ၅၀၀၀၀ ကျပ်နှုန်းဖြင့်လည်းကောင်း ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။ ယခင်လဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ရွှေဘိုပေါ်ဆန်းတစ်အိတ်လျှင် ငွေကျပ် ၂၀၀၀ မှ ၅၀၀၀ ခန့်အထိ မြင့်တက်ခဲ့သည်။ ဧယာဆန်အောက်စတစ်အိတ်လျှင် ၁၀၀၀ ကျပ်ခန့် ဈေးနိမ့်ခဲ့သည်။ ညွှန့်မထ ၂၅ ရာခိုင်နှုန်း အကြမ်းတစ်အိတ်လျှင်၃၀၀၀ ကျပ်ဝန်းကျင်ဈေးနိမ့်ခဲ့ပြီး ငစိန်ဆန် တစ်အိတ်လျှင်(၁၁၀၀၀)ကျပ်ဝန်းကျင်ဈေးနိမ့်ခဲ့ကြခြင်းဖြစ်သည်။ရွှေဘိုပေါ်ဆန်းမှာ ဆန်ဟောင်း လက်ကျန်နည်းလာချိန်ဖြစ်ခြင်းနှင့် ပုံမှန်ဝယ်ယူစားသုံးမှုရှိခြင်းကြောင့် အနည်းငယ်ဈေးမြင့်လာခြင်းဖြစ်သည်။ ဧယာ၊ ညွှန့်မထ၊ ငစိန်ဆန်အမျိုးအစားများမှာ ဆန်သစ်ပေါ်ချိန်ဖြစ်ခြင်း၊ ဆန်ဟောင်းရော ဆန်သစ်ပါရောင်းလိုအားများခြင်းနှင့် ပြည်ပပို့ ဆန်ဈေးနှုန်းများ ကျဆင်းနေခြင်းတို့ကြောင့်ယခင်လထက် ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ တရုတ်နှင့် အာဖရိကနိုင်ငံများသို့ ပုံမှန်ဆန်တင်ပို့မှုရှိကြောင်းလည်း သိရသည်။ ပိုမိုတင်ပို့နိုင်ရန်လည်း ဆောင်ရွက်လျက် ရှိသည်။ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းတို့မှလည်း သင့်တင့်မျှတသော ဈေးနှုန်းများဖြင့် ဆန်ချော၊ ဆန်ကြမ်းများအား ကားဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိသည်။ ရန်ကုန်ဈေးကွက် သို့ ဖျာပုံ၊ မော်ကျွန်း၊ ဘိုကလေး၊ ကွမ်းခြံကုန်း၊ ဒေးဒရဲ၊ ကော့မှူး၊ တွံတေး၊ ဝါးခယ်မ၊ မြောင်းမြ၊ ကျိုက်လတ်၊ လပွတ္တာ၊ ရွှေဘိုဒေသများမှ ဆန်ဝင်ရောက်မှုပုံမှန်ရှိခဲ့ကြောင်း သိရသည်။

## အစေ့ထုတ်ပြောင်းဈေးကွက်

အစေ့ထုတ်ပြောင်းများအား ထိုင်းနှင့် အိန္ဒိယနိုင်ငံများသို့ အကောက်ခွန်လွတ်တင်သွင်းနိုင်သော ကာလကုန်ဆုံးခဲ့ပြီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကမ္ဘာ့နိုင်ငံရေး အပြောင်းအလဲများနှင့်အတူ ကမ္ဘာ့ရွှေဈေးနှင့် ဒေါ်လာငွေလဲနှုန်း အပြောင်းအလဲများကြောင့်လည်းကောင်း၊ နယ်စပ်ဂိတ်များမှလည်း ကုန်စည်စီးဆင်းမှုမရှိခြင်းကြောင့်လည်းကောင်း၊ မုန်တိုင်းမိုးများရွာ သွန်းသောကာလဖြစ်၍ အရောင်းအဝယ်အေးခြင်းကြောင့်လည်းကောင်း ပြည်တွင်းအစာစပ်လုပ်ငန်းများမှလည်း ဝယ်ယူမှုနည်းခြင်းကြောင့်လည်းကောင်း၊ တောင်သူများမှ ရောင်းလိုအားများခြင်းကြောင့်လည်းကောင်း၊ အစေ့ထုတ်ပြောင်းဈေးနှုန်းများ ယခင်အပတ်ထက် ဆက်လက် ဈေးနိမ့်ခဲ့ခြင်းဖြစ်သည်။ အစေ့ထုတ်ပြောင်း ၅၄ ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၈၁၅၄၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၇၈၈၄၀ ကျပ်သို့ ရောက်ရှိဈေးနိမ့်လာခဲ့သည်။ ဇွန်လ၏ တတိယရက်သတ္တပတ်မှစတင်ကာ ယခု အောက်တိုဘာ ဒုတိယ ရက်သတ္တပတ် တိုင်အောင် အဆင့်ဆင့် ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။

## စားဖိုဆောင်သီးနှံဈေးကွက်

ကြက်သွန်နီ(ထူး၊ လတ်၊ သေး)မှာ စိုက်ပျိုးထွက်ရှိရာ ဒေသများတွင် ပစ္စည်းအလှ ရှားခြင်း၊ သီတင်းကျွတ်ပိတ်ရက်များရှိခဲ့ခြင်းနှင့် မိုးရွာသွန်းမှုများကြောင့် ကုန်အဝင်နည်းလာခြင်း တို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်ခဲ့ကြသည်။ ကြက်သွန်နီ(ထူး၊ လတ်၊ သေး) တစ်ပိဿာ လျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၁၃၇၅-၉၂၅-၅၇၅ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၄၅၀-၁၀၇၅-၇၀၀ ကျပ်သို့ ရောက်ရှိဈေးမြင့်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်ဈေးကွက်သို့ မြင်းခြံ၊ ဆိပ်ဖြူ၊ တောင်သာ၊ မုံရွာ၊ ပခုက္ကူ၊ ပျော်ဘွယ်၊ ဆင်ဖြူကျွန်း ဒေသများမှ ကုန်ဝင်ရောက်မှုရှိခဲ့ကြောင်းသိရသည်။ ကြက်သွန်ဖြူ(ကြူကုတ်)မှာ အရည်အသွေး အနည်းငယ်နိမ့်လာခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားနည်းလာခြင်းကြောင့် ယခင်အပတ်ထက် အနည်းငယ်ဈေးနိမ့်ခဲ့သည်။ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ယခင်အပတ် ပျမ်းမျှဈေးနှုန်းမှာ ၁၁၀၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၁၀၇၅၀ ကျပ်ဖြစ်သည်။ ကြက်သွန်သူဖြူ(ရှမ်း)မှာ ဈေးကွက် သို့ ကုန်အဝင်နည်းလာခြင်းနှင့် စားသုံးသူများမှ ဝယ်လိုအားများခြင်းတို့ကြောင့် ယခင်အပတ်ထက် ဈေးမြင့်လာခဲ့သည်။ ကြက်သွန်ဖြူ(ရှမ်း)တစ်ပိဿာလျှင် ယခင်အပတ်ပျမ်းမျှဈေးနှုန်းမှာ ၄၅၀၀ ကျပ်ဖြစ်ပြီး ယခုအပတ်ဈေးနှုန်းမှာ ၅၅၀၀ ကျပ်ဖြစ်သည်။ ငရုတ်ခြောက်(ရှည်၊လတ်၊ပွ) ဈေးနှုန်းများမှာ ကုန်အဝင်ပုံမှန်ရှိခြင်းနှင့် ရောင်းလိုအား၊ ဝယ်လိုအား မျှနေခြင်းကြောင့် ယခင် အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်းအဝယ်ဖြစ်ခဲ့ သည်။ ငရုတ်ခြောက်(ရှည်၊လတ်၊ပွ) တစ်ပိဿာလျှင် ပျမ်းမျှဈေးနှုန်းမှာ ၉၂၅၀-၁၀၅၀၀-၁၈၅၀၀ ကျပ်ဖြစ်သည်။ ရန်ကုန်ဈေးကွက်သို့ ပန်းရဲ၊ မြားနီ၊ ပျော်ဘွယ်(မိုးထောင်)၊ ဆင်ဖြူကျွန်း(ပု)၊ မြစ်ဝ(ပု) ငရုတ်ခြောက်များနှင့် အအေး ခန်းလှောင် ငရုတ်ခြောက်များကုန်ဝင်ရောက်မှု ပုံမှန်ရှိခဲ့ ကြောင်း သိရသည်။ ရှမ်းအာလူးများ ဈေးကွက်သို့ ကုန်အဝင်မရှိသလောက်နည်းခြင်းကြောင့် ဈေးနှုန်း ကောက်ယူနိုင်ခြင်းမရှိခဲ့ပါ။ တရုတ်အာလူးအချို့သာ ဈေးကွက်သို့ ကုန်အဝင်ရှိလာခြင်းနှင့် စားသုံးသူများမှ ပုံမှန်ဝယ်ယူ မှုရှိခြင်းကြောင့် တရုတ်အာလူးဈေးနှုန်းမှာ ယခင်အပတ်ဈေးနှုန်းများဖြင့်သာ ဈေးငြိမ်အရောင်း အဝယ်အေးခဲ့သည်။ တရုတ်အာလူး တစ်ပိဿာလျှင် ပျမ်းမျှ ဈေးနှုန်းမှာ ၆၆၀၀ ကျပ်ဖြစ်သည်။

## စားသုံးဆီဈေးကွက်

ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သော နိုင်ငံများတွင် ဖြစ်ပေါ်လျက်ရှိသော ဈေးကွက် ဈေးနှုန်းများအပေါ် အခြေခံ၍ စားအုန်းဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း၊ လုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ၂၀၂၅ ခုနှစ်၊ အောက်တိုဘာ ၆ ရက်မှ ၁၂ ရက်အထိ ကုန်ဆုံးသောကာလအတွက် ထုတ်ပြန်ထားသော ရန်ကုန်အထိုင်လက်ကားရည်ညွှန်းဈေးနှုန်းမှာ ၆၅၈၅ ကျပ်ဖြစ်သည်။ ယခင် အပတ်ဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက ၂၅ကျပ် ဈေးနိမ့်လာခဲ့ခြင်းဖြစ်သည်။ ပြင်ပရှိ လက်လီဈေးကွက်တွင် သတ်မှတ်ထားသော ဆီဆိုင်အချို့၌ ရည်ညွှန်းဈေးနှုန်းထက် များစွာမကွာသော ဈေးနှုန်းများဖြင့် တစ်အိမ်ထောင်လျှင် စားအုန်းဆီ ၅၀ ကျပ်သားနှုန်း ရောင်းချပေးလျက်ရှိသည်။ အချို့ သော မြို့နယ်များတွင် စားအုန်းဆီ တစ်ပိဿာ၏ ပြင်ပပေါက်ဈေးမှာ ၁၀၀၀၀ ကျပ်ဝန်းကျင် ဖြစ်သည်။

အေးသန္တာဝင်း

AgribizNews ဝက်ဘ်ဆိုက်နှင့်
e-Paper တို့တွင်
ကြော်ငြာများထည့်သွင်းနိုင်ပါပြီ
ဆက်သွယ်ရန်
၀၆၇-၃၄၁၀၆၁၆
(e-government ဌာနခွဲ)




မန္တလေးပွဲစားကုန်သည် စက်ပိုင်ကထိန်တော်အသင်း၊ ကိုင်းတန်းဈေး၊ သီရိမာလာဈေးတို့မှ ၁၁-၁၀-၂၀၂၅ ရက်နေ့ ကောက်ယူဈေးနှုန်းများဖြစ်ပါသည်။

## ဆန်ဈေးကွက်

ရန်ကုန်ပေါ်ဆန်းမှာ အဝင်ပုံမှန်၊ မြို့တွင်းစားသုံးမှု ပုံမှန်ဖြစ်ခြင်းကြောင့် တစ်အိတ် ၁၂၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ရွှေဘိုပေါ်ဆန်းမှာ မြို့တွင်းစားသုံးမှုနည်းခြင်း အရောင်းအဝယ်အေးခြင်းကြောင့် တစ်အိတ် ၁၅၅၀၀၀ကျပ်မှ ၁၄၅၀၀၀ကျပ်သို့ ဈေးမသိမသာနိမ့်သွားသည်။ မနောသုခ ဆန်မှာ အသစ်အဝင်နည်းသွားခြင်း၊ မြို့တွင်းစားသုံးမှုပုံမှန်ရှိခြင်းကြောင့် ထိပ်စမှာ တစ်အိတ် ၇၈၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး အလတ်မှာ ၇၂၀၀၀ ကျပ်ဖြင့် အရောင်းအဝယ် အေးနေသည်။ ငစိန်ဆန်မှာ နွေစပါး အသစ်များဝင်ရောက်မှုရှိခြင်း၊ မုန့်လုပ်ငန်းသမား အဝယ်နည်းခြင်းကြောင့် တစ်အိတ် ၆၀၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး ဧယာဆန်မှာ အသစ်များဝင်ရောက်မှုရှိခြင်း၊ အသစ်နှင့်အဟောင်းနှစ်မျိုးလုံးဝင်ရောက်မှုရှိပြီး အသစ်တစ်အိတ် ၇၅၀၀၀ကျပ်၊ အဟောင်းအား ဝယ်ယူမှု များခြင်းကြောင့် တစ်အိတ် ၉၂၀၀၀ကျပ် ဈေးရှိသည်။ ရောမင်းဆန်မှာ အဝင်နည်းသွားခြင်း၊ မြို့တွင်းစားသုံးရန်နှင့် မန္တလေးဝန်းကျင် ဝယ်ယူမှုရှိခြင်း ကြောင့် တစ်အိတ် ၁၃၀၀၀၀ကျပ်မှ ၁၃၅၀၀၀ကျပ်သို့ ဈေးမသိမသာမြင့်သွားသည်။

## ဆီထွက်သီးနှံ ဈေးကွက်

မြေပဲ (လုံးဆန်)ဈေးနှုန်းမှာ အညာဆန်နှင့် မြင်းမူဆန်နှစ်မျိုးလုံး ဝင်ရောက်ပြီး အညာဆန် ၁၀၀ပိဿာ အရည်အသွေး ပေါ်မူတည်၍ ၇၇၀၀၀၀ ကျပ် မှ ၈၀၀၀၀၀ကျပ်အထိ ဈေးကွာခြားမှုရှိပြီး မြင်းမူဆန်မှာ ၁၀၀ပိဿာ ၈၅၀၀၀၀ကျပ်ဖြင့် လုပ်ငန်းသမား၊ တရုတ်ဝယ်လက်တို့ ပုံမှန်ဝယ်ယူမှုရှိနေသည်။ မြေပဲ(ဆီဆန်)မှာ တပ်ကုန်း၊ ရမည်းသင်းမြေပဲဆံ ၇၁၀၀၀၀ကျပ်၊ ကျောက်ပန်းတောင်းမြေပဲဆန် ၁၀၀ပိဿာ ၇၂၅၀၀၀ကျပ်၊ နွားထိုးဆန် အရည်အသွေးအကောင်းဆုံး ၇၅၅၀၀၀ကျပ်ဖြင့် ဆီစက်သမားများ ပုံမှန်ဝယ်ယူမှု ရှိနေသည်။ နှမ်းမျိုးစုံဈေးနှုန်းအနေဖြင့် မိုးနှမ်းများအဝင်ရှိခြင်း၊ ငွေဈေးအတက်အကျမမှန်ခြင်း၊ လုပ်ငန်းသမား အဝယ်နည်းခြင်းကြောင့်၊ နှမ်းဖြူ ၄၅ပိဿာလျှင် ၂၈၀၀၀၀ကျပ်မှ ၂၆၅၀၀၀ကျပ်သို့ ဈေးမသိမသာ နိမ့်သွားသည်။ နှမ်းညိုမှာ အသစ်များအဝင်ရှိခြင်း၊ ဆီစက်သမားပုံမှန်ဝယ်ယူခြင်း၊ အရည်အသွေး ပေါ်မူတည်၍ ဈေးကွာခြားခြင်းကြောင့် အနိမ့်ဆုံး ၇၅ပိဿာ ၂၆၅၀၀၀ကျပ်မှ အကောင်းဆုံး ၂၇၅၀၀၀ကျပ် ဖြင့် ဈေးတည်ငြိမ်နေသည်။ နှမ်းနက် (စမုံ)မှာ မိုးမလွတ်နှမ်းနက်စမုံမှာ ၄၅ပိဿာ ၇၁၅၀၀၀ကျပ် ဈေးရှိပြီး၊ အက်ဆစ်ပါဝင်မှု စမ်းသပ်ပြီး အက်စစ်ပါဝင်မှု အနည်းဆုံး ၄၅ပိဿာ ၇၅၅၀၀၀ကျပ်ဖြင့် အရည်အသွေး ပေါ်မူတည်ပြီး ရောင်းဝယ်မှုရှိသည်။ ပန်းနှမ်းမှာ အဝင်နည်းခြင်း၊ ပစ္စည်းလက်ကျန်နည်းခြင်း၊ ဈေးမြင့်သဖြင့် အရောင်းအဝယ် အေးသော်လည်း ၄၅ ပိဿာ ၂၉၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ နေကြာဈေးနှုန်းမှာ မိုးနေကြာအဝင်နည်းခြင်း၊ ဆီစက်သမားအဝယ်ရှိခြင်းကြောင့် ၂၇ပိဿာ ၁၈၅၀၀၀ကျပ်မှ ၁၉၃၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။

## စားဖိုဆောင်ဈေးကွက်

ပျော်ဘွယ်၊ ကျောက်ဆည်၊ ရမည်းသင်းမှ ငရုတ်ခြောက်(ရှည်)မှာ အဝင်ပုံမှန်၊ မြို့တွင်းသုံးပုံမှန်ရှိခြင်းကြောင့် တစ်ပိဿာ ၁၂၀၀၀ကျပ်၊ ရန်ကုန်မှတစ်ဆင့် ဝင်ရောက်သော ပန်းရဲ တစ်ပိဿာ ၁၃၀၀၀ကျပ်မှ ၁၄၀၀၀ကျပ်သို့လည်းကောင်း၊ ရောဝတီ Air.con (ပွ) တစ်ပိဿာ ၂၅၀၀၀ကျပ်မှ ၃၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားသည်။ ကြက်သွန်နီမှာ မုံရွာ၊ ထီးဆောင်း၊ မြင်းခြံနယ်စုံမှ ဝင်ရောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးကြောင့် အဝေးမှာယူမှု မရှိခြင်း၊ မြို့တွင်းစားသုံးမှုသာရှိခြင်းကြောင့် ကြီးတစ်ပိဿာ ၁၅၀၀ကျပ်၊ လတ်တစ်ပိဿာ ၁၀၀၀ကျပ်၊ သေးတစ်ပိဿာ ၇၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကြက်သွန်ဖြူ(တရုတ်)မှာ အဝင်ပုံမှန် မြို့တွင်းစားသုံးမှုသာရှိခြင်းကြောင့် တစ်ပိဿာ ၁၂၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေပြီး၊ ကြက်သွန်ဖြူ(ရှမ်း)မှာ အဝင်နည်းသွားပြီး အရည်အသွေးပေါ် မူတည်၍ အရည်အသွေး အနိမ့်ဆုံး ၁၅၀၀မှ ၃၀၀၀ကျပ်သို့ ဈေးမြင့်သွားပြီး အရည်အသွေး အကောင်းဆုံး ၆၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ တရုတ်အာလူး အဝင်မရှိဘဲ အောင်ပန်း အာလူးများသာ ဝင်ရောက်ပြီး အရည်အသွေးပေါ်မူတည်၍ တစ်ပိဿာ ၆၅၀၀ကျပ်၊ ၇၀၀၀ကျပ်တို့ဖြင့် ရောင်းဝယ်နေသည်။

## ပဲမျိုးစုံဈေးကွက်

မတ်ပဲဈေးနှုန်းမှာ မိုးလေဝသ အခြေအနေအရ နယ်ဘက်တွင်သိုလှောင်မှု အခက်အခဲရှိခြင်းကြောင့် ရန်ကုန်ဂိုဒေါင်တွင် အဝင်များ သဖြင့် ဈေးချဝယ်ယူခြင်း၊ ငွေဈေးအတက်အကျမမှန်ခြင်းကြောင့် အရည်အသွေး ပေါ်မူတည်၍ ၃တင်း တစ်အိတ် ၁၇၀၀၀၀ကျပ်မှ ၂၄၀၀၀၀ ကျပ်ဖြင့် ရောင်းဝယ်နေပြီး ကျောက်ရစ်ပဲမှာ ၂၆၂၀၀၀ကျပ် ဖြင့် ဈေးငြိမ်နေသည်။ ပဲတီစိမ်း(အညာ)မှာ မိုးပဲတီစိမ်းအဝင်နည်းခြင်း၊ ပဲခွဲစက်များ၊ လှောင်သမားများ၊ တရုတ် ဝယ်လက်ဝယ်ယူမှုရှိခြင်း၊ အရည်အသွေးပေါ်မူတည်၍ ဈေးကွာခြားမှုရှိခြင်းကြောင့် အရည်အသွေး အညံ့ဆုံး ၂၈၀၀၀၀ကျပ်မှ ၃၂၀၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး အရည်အသွေးအကောင်းဆုံး ၃၄၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲစဉ်းငုံ(ဖြူ/နီ) တို့မှာ ပဲစဉ်းငုံ(နီ)အား ပဲခွဲစက်နှင့် ရန်ကုန်သမားအဝယ်ရှိခြင်းကြောင့် ၃တင်းတစ်အိတ် ၂၂၃၀၀၀ ကျပ်မှ ၂၄၁၀၀၀ ကျပ်သို့ ဈေးမြင့်သွားပြီး ပဲစဉ်းငုံ(ဖြူ)မှာ ပဲခွဲစက်နှင့် မြို့တွင်းသုံး ဝယ်ယူမှုရှိခြင်းကြောင့် ၂၂၀၀၀၀ကျပ်မှ ၂၃၀၀၀၀ကျပ် သို့ ဈေးမြင့်သွားသည်။ မိုးပဲပုပ်အဝင်နည်းသေးခြင်း၊ လုပ်ငန်းသမား၊ ဆီစက်သမားအဝယ် ပုံမှန်ရှိခြင်းကြောင့် ပဲပုပ်(မြန်မာ) ၃တင်းတစ်အိတ် ၃၇၀၀၀၀ကျပ်၊ ပဲပုပ်(ရှမ်း) ၂၇၅၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ကုလားပဲ(လုံးဖြူကြီး)မှာ ပဲခွဲစက်များ၊ ပဲကြော်/လှော်သမားများ အဝယ်ရှိခြင်း၊ လက်ကျန်နည်း လှောင်သမားထံမှ ဝယ်ရခြင်းကြောင့် လုံးဖြူကြီး ၃တင်းတစ်အိတ် ၂၄၀၀၀၀ကျပ်မှ ၂၅၀၀၀၀ကျပ်၊ လုံးဝါကြီး ၂၂၈၀၀၀ကျပ်မှ ၂၃၃၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ကုလားပဲ(ခွဲခြမ်း)မှာ ပဲစိုများပေါ်ချိန်ဖြစ်ခြင်း အလှူပွဲနည်းခြင်း၊ လက်ကျန်များခြင်းကြောင့် တစ်ပိဿာ ၅၉၀၀ကျပ်မှ ၅၈၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ မြေထောက်ပဲမှာ ပဲကြော်/လှော်သမားများ အဝယ်နည်းခြင်း၊ မုံရွာနှင့် အညာ ၂ ခုလုံးမှ ဝင်ရောက်ခြင်းကြောင့် မုံရွာပဲ ၃တင်းတစ်အိတ် ၂၅၀၀၀၀ကျပ်မှ ၂၄၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားပြီး အညာပဲမှာ ၃တင်းတစ်အိတ် ၂၈၅၀၀၀ ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ပဲယင်းကြီးမှာ အရောင်းအဝယ် အေးခြင်းကြောင့် တစ်အိတ် ၂၃၀၀၀၀ကျပ်မှ ၂၂၀၀၀၀ကျပ်သို့ ဈေးနိမ့်သွားသည်။ စားတော်ပဲ(ကျွန်း)မှာ လက်ကျန်နည်းခြင်း၊ လှောင်လက်ထံမှ ဝယ်ရခြင်း၊ စားတော်ပဲ (ကနေဒါ)ထက် အရည်အသွေးကောင်းခြင်းကြောင့် ၃တင်းတစ်အိတ် ၇၄၀၀၀၀ကျပ်မှ ၈၃၀၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ပဲကြီး(ကြီး/သေး)တို့မှာ လက်ကျန်နည်းခြင်း၊ မိုးပဲအဝင်နည်းသေးခြင်း၊ ပဲကြော်/လှော်သမား အဝယ်ပုံမှန်ရှိခြင်းကြောင့် အရည်အသွေးပေါ်မူတည်၍ အညံ့ဆုံး ၃တင်းတစ်အိတ် ၄၂၀၀၀၀ကျပ်၊ အကောင်းဆုံး ၄၄၀၀၀၀ကျပ်၊ ပဲကြီး(သေး) ၃၃၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။ ထောပတ်ပဲ(ကြီး/သေး)တို့မှာလည်း အသစ်ဝင်ချိန်နီးခြင်း၊ မြို့တွင်းအကြော်လှော်သမား ဝယ်ယူမှုသာရှိခြင်းကြောင့် ထောပတ်ပဲ(ကြီး) ၃တင်းတစ်အိတ် ၃၀၀၀၀၀ ကျပ်မှ ၂၉၀၀၀၀ ကျပ်သို့ ဈေးမသိမသာနိမ့်သွားပြီး ထောပတ်(သေး)မှာ အရောင်းအဝယ်အေးပြီး ၁၈၀၀၀၀ကျပ်ဖြင့် ဈေးတည်ငြိမ်နေသည်။

## ဟင်းသီး/ရွက်နှင့် သစ်သီးဝလံ ဈေးကွက်

မုံရွာ၊ ချောင်ဦးမှ ဖရဲသီးများ အဝင်နည်းသွားခြင်းကြောင့် ယခင်အပတ် တစ်လုံး ၂၅၀၀ကျပ်မှ ယခု ၄၀၀၀ကျပ်သို့ ဈေးမြင့်သွားသည်။ ချောင်းဦးနှင့် မန္တလေးဝန်းကျင်မှ သခွားမွှေးသီးများ ဝင်ရောက်မှုပုံမှန်ဖြစ်သော်လည်း နယ်ဝေးအမှာရှိခြင်း၊ အရည်အသွေးကောင်းခြင်းကြောင့် ယခင်အပတ်တစ်လုံး ၃၀၀၀လုံးမှ ၄၀၀၀ကျပ်သို့ ဈေးမြင့် သွားသည်။ သီပေါမှ ကဗ္ဗလာသီးများ အဝင်များသော်လည်း အရည်အသွေး ကောင်းလာခြင်းကြောင့် ၁၀၀ပိဿာ ၂၀၀၀၀၀ကျပ်မှ ၂၅၀၀၀၀သို့ ဈေးမြင့်သွားသည်။ ပုပ္ပားဘက်မှ နဂါးမောက်သီးအဝင်နည်းသွားခြင်းကြောင့် ၁၈လုံး တစ်ခြင်းလျှင် ၂၅၀၀၀ ကျပ်ထိ ဈေးမြင့်သွားသည်။ သီပေါနာနတ်များလည်း ဝင်ရောက်ပြီး တစ်လုံး ၁၀၀၀ကျပ်မှ ၁၅၀၀ကျပ်ဖြင့် လက်လီသမားအဝယ်များနေသည်။ ရမည်းသင်းမှ စပျစ်သီး (အလုံးသေး) တစ်ပိဿာ ၉၀၀၀ကျပ် အလုံးကြီးတစ်ပိဿာ ၁၃၀၀၀ကျပ်၊ ဈေးရှိသည့် သစ်သီးမျိုးစုံကို ပြင်ဦးလွင်၊ မုံရွာ၊ ပြည်၊ တန့်ဆယ်နှင့် အမှာရှိသော မြို့များသို့ တင်ပို့သည်။

တပ်ကုန်း၊ သာစည်တို့မှ ငရုတ်စို(ရှည်) တစ်ပိဿာလျှင် သီတင်းကျွတ်

စာ-၁၁ သို့

# မျောက်ငိုပင်

## သဘာဝကပေးအစာနှင့်ဆေး

တာညင်းကဲ့သို့ အနံ့အရသာရှိသော်လည်း ဘေးထွက်ဆိုးကျိုးမရှိဘဲ ကျန်းမာရေးအထောက်အကူကောင်းဖြစ်စေ သည့် မျောက်ငိုပင်ကို သစ်လိန်ပင်၊ သစ်ကဇော်ပင်၊ မျောက်ထန်းလျက်ပင်၊ ဇောင်းသပင် ဟု ဒေသအလိုက် အမျိုးမျိုးခေါ်ဆိုကြပြီး ယင်း၏ အင်္ဂလိပ်အမည်မှာ Stink bean, Bitter bean, Twisted cluster bean ဟု ခေါ်ဆိုကြသကဲ့သို့ မလေးရှားဘာသာ စကားအရ Petai beans ဟုလည်း လူသိများကြ၏။ ရုက္ခဗေဒအမည်မှာ Parkia speciosa ဟုလည်း ခေါ်ဆိုကာ ပဲမျိုးရင်း Fabaceae တွင် ပါဝင်၏။

မျောက်ငိုပင်သည် ထိုင်း၊ မလေးရှားနိုင်ငံ ဆူမားတြားကျွန်းဆွယ်၊ အင်ဒိုနီးရှား ဘော်နီယိုကျွန်းဆွယ်နှင့် ဖိလစ်ပိုင်နိုင်ငံ၊ ပါလာဝမ်တို့အပါအဝင် အရှေ့တောင်အာရှ၏ အပူပိုင်းဒေသများတွင် သဘာဝအလျောက်ပေါက်ရောက် ဖြစ်ထွန်းသည့် အပင်မျိုးဖြစ်၏။ နောက်ပိုင်းတွင်အရှေ့တောင်အာရှနိုင်ငံများ အထူးသဖြင့် မလေးရှား၊ အင်ဒိုနီးရှား၊ ထိုင်း နှင့် ဖိလစ်ပိုင်တို့ကဲ့သို့ အပူပိုင်းရာသီဥတုရှိသောဒေသများရှိ မြေနိမ့်ပိုင်းနှင့် အလယ်ပိုင်းမိုးသစ်တောများ၊ ရေချိုစိမ့် သစ်တောများနှင့် မြစ်ကမ်းပါးတစ်လျှောက်တွင် သဘာဝအလျောက်ပေါက်ရောက်ဖြစ်ထွန်းလာသည်ကို တွေ့ရှိရ၏။ နောက်ပိုင်းတွင် မျောက်ငိုသီးကို စားသုံးမှုများလာသည့်အပြင် ဆေးဖက်ဝင်အဖြစ် အသုံးပြုခြင်းတို့အတွက် စနစ်တကျစိုက်ပျိုးထုတ်လုပ်လာကြ၏။ မြန်မာနိုင်ငံတွင် မျောက်ငိုပင်ကို စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းဒေသ၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင်



တွေ့ရှိရပြီး နောက်ပိုင်းတွင် စီးပွားဖြစ် စိုက်ပျိုးလာကြ၏။

မျောက်ငိုပင်သည် နှစ်ရှည်ပင်အမျိုးအစားဖြစ်ပြီး မီတာ ၃၀ ခန့်အထိ ကြီးထွားနိုင်၏။ ရှည်လျားသော ရိုးတံများ၏ ထိပ်ဖျားပိုင်းတွင် မီးသီးပုံသဏ္ဍာန်ရှိသော အဝါနုရောင်ပန်းပွင့်များ အစုလိုက်အပြုံလိုက်ပွင့်တတ်၏။ ပန်းပွင့်များသည် လင်းနို့များနှင့် အခြားဝတ်မှုန်ကူးသူများကို ဆွဲဆောင်နိုင်သည့် ဝတ်ရည်ကို ထိန်းသိမ်းပေး၏။ အသီးများသည် ရှည်လျားပြီး လိန်သော သီးတောင့်များဖြစ်ပြီး အတွင်းတွင် တောက်ပသော အစေ့များ ၇ သို့မဟုတ် ၈ ခုထိ ပါဝင်၏။ မျောက်ငိုသီးတွင် ဗာဒံစေ့နှင့် ရှိတာကီမှိုကဲ့သို့သော ထူးခြားသောအနံ့ပါရှိ၏။ အပင်ကိုင်းဖျားတွင် သီးတတ်သော ထိုအသီးများကို မျောက်များက ခူးယူစားသုံးရန် မလွယ်ကူသည့်အတွက် မျောက်ငိုသီးဟု အရပ်ခေါ်စကားလေးမှသည် အမည်တွင်လာခြင်းဖြစ်သည်ဟု ဆိုကြ၏။

မျောက်ငိုသီးတွင် ပရိုတင်း၊ ကာဗိုဟိုက်ဒရိတ်နဲ့ အမျှင်ဓာတ်များ ကြွယ်ဝစွာပါဝင်၏။ အထူးသဖြင့် ဗီတာမင် စီ၊ သိုင်ရာမင်ခေါ် ဘီဝမ်း၊ ရီဘိုဖလာဗင်ခေါ် ဘီတူး၊ နိုင်ရာစင်ခေါ် ဘီသရီးတို့အပြင် ပိုတက်စီယမ်၊ ကယ်လ်စီယမ်၊ ဖော့စဖရပ်စ်နှင့် သံဓာတ်ကဲ့သို့သော သတ္တုဓာတ်ကောင်းများပါဝင်ကြ၏။ ထို့အပြင် စိတ်ခံစားချက်ထိန်းညှိပေးနိုင်စွမ်းနှင့် အိပ်စက်ခြင်းကို မြှင့်တင်ပေးနိုင်သည့် tryptophan ဟုခေါ်သည့် အမိုင်နိုအက်ဆစ်လည်းပါဝင်၏။ ဓာတ်တိုး ဆန့်ကျင်ပစ္စည်းများစွာနှင့်အတူ အခြားသော bioactive ဒြပ်ပေါင်းများလည်း ကြွယ်ဝစွာပါရှိ၏။

အာယုဗေဒနှင့် တိုင်းရင်းဆေးပညာအရ မျောက်ငိုသီးတွင် ဆီးချိုသွေးတိုး၊ ကိုယ်လက်ရောင်ရမ်းခြင်းနှင့် ကျောက်ကပ်ဆိုင်ရာရောဂါများအတွက် ဆေးဝါးအဖြစ် အသုံးပြုကြ၏။ မျောက်ငိုသီးသည် ခန္ဓာကိုယ်တွင်း အဆိပ် အတောက်ဖြစ်ခြင်း၊ ခေါင်းကိုက်ခြင်း၊ အစာမကြေခြင်းနှင့် ယားယံခြင်းတို့ကို ကုသရန်အတွက် ကူညီပေးရာတွင် အသုံးပြုကြ၏။ မျောက်ငိုသီးတွင် ဓာတ်တိုးခြင်းကို ဆန့်ကျင်နိုင်စွမ်း၊ ဆီးချိုရောဂါကို တိုက်ဖျက်နိုင်စွမ်း၊ ကင်ဆာရောဂါကို ကာကွယ်နိုင်စွမ်း၊ ကိုယ်ခံစွမ်းအားကို မြှင့်တင်နိုင်စွမ်း၊ စိတ်ဖိစီးခြင်းကို သက်သာစေနိုင်စွမ်း၊ အစာခြေစနစ်ကျန်းမာရေးကို အထောက်အပံ့ပြုနိုင်စွမ်း၊ အရိုးကျန်းမာရေးကို အထောက်အကူပြုနိုင်စွမ်း၊ ကိုယ်တွင်းရောင်ရမ်း နာကျင်ခြင်းကို သက်သာစေနိုင်စွမ်းတို့ရှိ၏။

- အမျှင်ဓာတ်၏ အရင်းအမြစ်ကောင်းတစ်ခုဖြစ်သည့် မျောက်ငိုသီးသည် အစာခြေစနစ်ကို ပုံမှန်ထိန်းထားရန် အရေးပါပြီး ဝမ်းချုပ်ခြင်းကို ကာကွယ်ပေး၏။ ထို့အပြင် ကိုလက်စထရောကို လျှော့ကျစေရန် အထောက်အကူပြုပြီး နှလုံးရောဂါဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်၏။ ထိုမျှသာမက အမျှင်ဓာတ်သည် အစာစားလိုစိတ်ကို လျော့ကျစေရန် အကူအညီပေးနိုင်သည့်အတွက် ကိုယ်အလေးချိန် လျှော့ချလိုသူများ သို့မဟုတ် ကိုယ်အလေးချိန် ထိန်းသူများအတွက် အထောက်အကူကောင်း ဖြစ်စေ၏။

- မျောက်ငိုသီးသည် အစာအိမ်အတွင်းတွင် ကျန်းမာသောဘက်တီးရီးယားများ probiotics ကြီးထွားမှုကို အားပေးသည့် အရင်းအမြစ်ကောင်းတစ်ခုလည်းဖြစ်၏။ ယင်းတို့သည် အစာခြေစနစ်ကို အန္တရာယ်ရှိသော ရောဂါပိုးမွှားများ ကင်းစင်စေရန်လည်း ကူညီပေး၏။ မျောက်ငိုသီးသည် ဝမ်းချုပ်ခြင်းနှင့် ဝမ်းလျှောခြင်းကို သက်သာရာရစေ၏။

- သံဓာတ်ကြွယ်ဝသည့် မျောက်ငိုသီးသည် သွေးနီဥထုတ်လုပ်ခြင်းကို လှုံ့ဆော်ပေးနိုင်သည့်အတွက် သွေးအားနည်းရောဂါအတွက် အထောက်အကူကောင်းဖြစ်စေ၏။

- ဗီတာမင်စီကြွယ်ဝစွာ ပါဝင်သည့် မျောက်ငိုသီးသည် ထိခိုက်ဒဏ်ရာများကို လျင်မြန်စွာသက်သာပျောက်ကင်းစေပြီး ခန္ဓာကိုယ်အတွင်း ကိုယ်ခံစွမ်းအား ကောင်းမွန်စေရန် အကူအညီပေးသည့် အရေးကြီးသော အာဟာရတစ်ခုဖြစ်၏။

- မျောက်ငိုသီးတွင် ပါဝင်သည့် tryptophan အမိုင်နိုအက်ဆစ်သည် အရင်းအမြစ်ကောင်းတစ်ခုဖြစ်ပြီး စိတ်ခံစား ချက်များကို ထိန်းညှိပေးနိုင်ခြင်းနှင့်အတူ အိပ်စက်ခြင်းကို မြှင့်တင်ပေးနိုင်စွမ်းရှိ၏။

- ပိုတက်စီယမ်ဓာတ်ကြွယ်ဝစွာ ပါဝင်သည့် မျောက်ငိုသီးသည် ခန္ဓာကိုယ်တွင်းရှိ အရည်များကို ဟန်ချက်ညီစေရန် ကူညီပေးသည့်

စာ-၁၅ သို့

ငြူးပိုငယ်



ကျောဖုံးမှ-

ဖော်ပြပါ အကြောင်းအရာများကို ဂရုပြု၍ မှန်ကန်သော ပိုးသတ်ဆေးအား နှုန်းထားမှန်စွာဖြင့် ပက်ဖျန်းသည့် အကြိမ်တိကျစွာ ပက်ဖျန်း၍ သီးနှံခူးဆွတ်ရမည့်အချိန်မှ ခူးဆွတ်ပါကဓာတ်ကြွင်းကင်းစင်သော သီးနှံများစားသုံးနိုင်မည် ဖြစ်ပါသည်။ **(ယင်းအချက်အလက်များအား ပိုးသတ်ဆေးဘူး / ဆေးထုပ်ပါ အညွှန်းစာတွင် အသေးစိတ် ဖတ်ရှု၍ လိုက်နာဆောင်ရွက်ရန်အထူး လိုအပ်ပါသည်။)** ပဲတီစိမ်း စိုက်တောင်သူများကြိုက်နှစ်သက်သော စုပ်စားပိုးကာကွယ်နှိမ်နင်းနိုင်သည့်(Thiamethoxam -သိုင်ရာ မီသိုဇမ်)ပိုးသတ်ဆေးအားအပင်ငယ်စဉ်မှစ၍ခူးဆွတ်ချိန်အထိတစ်မျိုးတည်း ကြိမ်ဖန်များစွာပက်ဖျန်း ခြင်းသည်ပဲတီစိမ်းသီးနှံတွင်ဓာတ်ကြွင်းပါဝင်မှုကို ဖြစ်ပေါ်စေသဖြင့်အခြားစုပ်စားပိုးနှိမ်နင်းနိုင်သည့်ပင်လုံးပြန့်အာနိသင်ရှိ ပိုးသတ်ဆေးများဖြင့်အလှည့်ကျ ပက်ဖျန်းရန်အထူးလိုအပ်ပါသည်။


ပိုးသတ်ဆေးအညွှန်းစာ

သို့ဖြစ်ပါ၍ သီးနှံစိုက်တောင်သူကြီးများသည် ပြည်တွင်းစားသုံးမှုတွင်သာမက ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချသော သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းမပါစေရန် အမျိုးသားစီးပွားရေး၊ အမျိုးသား ကျန်းမာရေး အသွင်ဖြင့် စိုက်ပျိုးထုတ်လုပ်ရပေမည်။ မိမိ တို့ထုတ်လုပ်လိုက်သော သီးနှံများတွင် ဓာတ်ကြွင်းများ ပါဝင်ပါက ပြည်တွင်းစားသုံးသူများ ကျန်းမာရေး ထိခိုက်စေနိုင်သည့်အပြင် မည်သည့် ပြည်ပနိုင်ငံမှ ဝယ်ယူမည်မဟုတ်သဖြင့် ဈေးကောင်းမရဘဲ တောင်သူများအတွက် အကျိုးအမြတ်ရရှိမှု နည်းပါးစေပါလိမ့်မည်။ ခိုင်မာသောပြည်တွင်း၊ပြည်ပ ဈေးကွက်ရရှိရန် ဓာတ်ကြွင်းကင်းသော သီးနှံများအား(Good Agricultural Practices-GAP) စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့်အညီ စိုက်ပျိုးထုတ်လုပ်ပါက ခိုင်မာသောဈေးကွက်ရရှိ၍ တောင်သူဦးကြီးများ၏ ဝင်ငွေတိုးလာမည်မှာ ဧကန်မလွဲဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

ဒေါက်တာခင်ခင်မာလာမြင့်
သီးနှံကာကွယ်ရေးဌာနခွဲ

---

စာ-၁၄ မှ

အီလက်ထရောနစ် တစ်မျိုးဖြစ်ပြီး ယင်းသည် သွေးဖိအားကိုပါ မျှခြေရှိစေရန် ထိန်းညှိပေးနိုင်စွမ်းရှိ၏။

- မျောက်ငိုသီးတွင် အရိုးကျန်းမာရေးအတွက် အရေးပါသည့် မဂ္ဂနီစီယမ်ဓာတ်လည်း ကြွယ်ဝစွာ ပါဝင်၏။
- ဓာတ်တိုးဆန့်ကျင်ပစ္စည်းများစွာ ပါဝင်သည့် မျောက်ငိုသီးသည် ခန္ဓာကိုယ်တွင်းရှိဆဲလ်များကို ပျက်စီးစေပြီး ရောဂါဖြစ်စေနိုင်သော ဖရီးရယ်ဒီကယ်များ ထွက်ရှိခြင်းမှ ကာကွယ်ပေးနိုင်စွမ်းရှိ၏။
- မျောက်ငိုသီးတွင် သွေးအတွင်းရှိ သကြားဓာတ်ကို ထိန်းညှိပေးနိုင်သည့်အတွက် ဆီးချိုရောဂါကို သဘာဝအတိုင်း ကုသနိုင်မှုအတွက် လူသိများ၏။

မျောက်ငိုသီးကို ရာသီအချိန်တွင်သာမက အသီးခြောက်၊ ဆားရည်စိမ်တို့ကို ယခုအခါ စူပါမားကက်များတွင် သာမက အွန်လိုင်းရှော့ပ်များမှပါ အလွယ်တကူဝယ်ယူရရှိနိုင် ပြီး မိမိနှစ်သက်သလို ပြင်ဆင်ချက်ပြုတ်သုံးဆောင်နိုင်၏။ စာရေးသူလည်း မျောက်ငိုသီးကို လွန်ခဲ့သော ၁၃ နှစ်ခန့်က အင်ဒိုနီးရှားနိုင်ငံသို့ ပညာသင်ရောက်ရှိချိန်၌ စားဖူးခဲ့ပြီး အင်တာနက်တွင်ရှာဖွေဖတ်ရှုရင်း ယင်း၏ အာဟာရတန်ဖိုးနှင့် ဆေးဖက်ဝင်ပုံကို သိရှိခဲ့သမျှကို မျှဝေလိုက်ရခြင်း ဖြစ်၏။

- တညင်းသီးကဲ့သို့ အနံ့အရသာရှိသည့် မျောက်ငိုသီးကို အစိမ်းအတိုင်းဖြစ်စေ၊ ဆားရည်စိမ်ပြီးဖြစ်စေ ငါးပိရည်ကျို၊ ငါးပိထောင်း၊ ငါးပိသုပ်၊ ငရုတ်သီးထောင်း၊ ငါးပိချက် အစရှိသည်တို့နှင့် တွဲဖက်ကာ တို့စရာအဖြစ် စားသုံးတတ်၏။





- မျောက်ငိုသီးကို ပုစွန်အစို/အခြောက်၊ ပြည်ကြီးငါးအစို/အခြောက်/ဆားနယ် တို့နှင့်အတူရောကာ ကိုင်းခရမ်း ချဉ်သီး အနှစ်ကျကျ၊ ငရုတ်သီးစပ်စပ်ဖြင့် ငါးပိချက်စပ်စပ်လေး ချက်ပြီး စားသုံးနိုင်၏။
- မျောက်ငိုသီးကို ကြက်သား/ဝက်သားတို့နှင့်လည်း နှစ်သက်သလို ကြော်စား၊ ချက်စားနိုင်၏။
- ချဉ်ပေါင်၊ ဇရစ်၊ မှျစ်၊ ပဲတောင့်ရှည်၊ ခရမ်းကြွတ်သီးတို့နှင့်အတူ မျောက်ငိုသီးကိုပါ ထည့်ကြော်ထားသည့် ရွက်စုံကြော်ကိုလည်း အသားဟင်းနှင့် မလဲနိုင်သည့် ထမင်းမြိန်စေသည့် ဟင်းတစ်မယ်ဖြစ်စေ၏။

မျောက်ငိုသီးကို အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ထိုင်း၊ လာအို၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်္ကာပူ အစရှိသည့်နိုင်ငံများမှ အကြိုက်များပြီး အဝယ်သွက်သည့်အတွက် ပြည်ပသို့တင်ပို့နိုင်သည့် ပို့ကုန်တစ်မျိုးဖြစ်၏။ ယခုနောက်ပိုင်းတွင် မျောက်ငိုသီးမှာ ပြည်တွင်းစားသုံးမှုလည်း မြင့်တက်လာ၏။ မျောက်ငိုသီးကို အစိမ်းအတိုင်း မဟုတ်ဘဲ စနစ်တကျ ပြုပြင်စီမံပြီး တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်ပါကလည်း ပြည်တွင်းသာမက ပြည်ပဈေးကွက်ပါ ကျယ်ပြန့်လာစေမည်ဖြစ်၏။

သဘာဝတရားမှပေးသည့် လက်ဆောင်မွန် မျောက်ငိုသီးပင်မှ ရရှိသည့် အစိတ်အပိုင်းများကို အမြတ်တနိုး တန်ဖိုးထားပြီး ရာသီချိန်ခါနှင့်အညီ ဒေသအလိုက် မတူညီကွဲပြားသည့် ချက်ပြုတ်နည်းမျိုးစုံဖြင့် ပြင်ဆင်စားသုံးခြင်းဖြင့် ကုန်ကျစရိတ် သက်သာစေပြီး ကျန်းမာရေး အကျိုးကျေးဇူးကောင်းများကို ရရှိနိုင်မည်ဖြစ်၏။ ထို့အပြင် မိမိတို့နိုင်ငံအတွက် ဂေဟစနစ် ကောင်းမွန်စေရေး၊ ဇီဝမျိုးစုံမျိုးကွဲကြွယ်ဝမှုများကို ထိန်းသိမ်းရေးနှင့် ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများ ထိန်းသိမ်းစေနိုင်မည် ဖြစ်၏။

ကြေးမုံငယ်

---

စာ-၈ မှ

ကို များများစားပေးသင့်ပါသည်။ ငါးရှဉ့်တွင် နွားနို့၊ ဒိန်ချဉ်တို့ကဲ့သို့ အရိုးကို သန်မာစေသော Phosphorus ဓာတ် ပါဝင်ပါသည်။

### ကျန်းမာရေးဘေးထွက်ဆိုးကျိုး

တန်ဆေးလွန်ဘေး ဆိုသလို ငါးရှဉ့်ကို အလွန်အကျွံစားခြင်းသည်လည်း မကောင်းပေ။ သွေးထဲတွင် မကောင်းသော ကိုလက်စထရောမြင့်နေသူများအတွက်မူ ငါးရှဉ့်ကို မစားသင့်ပေ။ အထူးသဖြင့် ကိုလက်စထရောမြင့်တက်မှုကြောင့် နှလုံးရောဂါ၊ သွေးတိုးရောဂါရှိသူများကလည်း မစားသင့်ပေ။ အဆီဓာတ်လည်း ပါဝင်မှုမြင့်မားပါသည်။

အချုပ်အားဖြင့် ဆိုရလျှင်-ငါးရှဉ့်ငါးသည် အခြားငါးများထက် အရသာလေးလေးပင်ပင်ရှိသောကြောင့် လူကြိုက်များကြသည်။ ထို့ပြင် ငါးရှဉ့်ငါး၏ သဘာဝမှာလည်း ထူးခြားလှပြီး ကျန်းမာရေးအတွက်လည်း ကောင်းကျိုးပြုသဖြင့် စားပေးသင့်သော ငါးတစ်မျိုးဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

ပင်လယ်ပြာ(ငါးဦးစီး)





# စားသုံးသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု ကင်းဝေးရေး

ဒေါက်တာခင်ခင်မာလာမြင့်(သီးနှံကာကွယ်ရေးဌာနခွဲ)

မြန်မာနိုင်ငံမှအရှေ့တောင်အာရှနှင့်အီးယူနိုင်ငံများသို့ပဲတီစိမ်းတင်ပို့မှုသည် ၂၀၁၃ ခုနှစ်မှ စတင်၍ တဖြည်းဖြည်းတိုးတတ်လာကာ လက်ရှိတွင် ဂျပန်၊ တရုတ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ သီရိလင်္ကာ၊ ဩစတေးလျ၊ ဂျာမနီ၊ ကနေဒါ၊ ဗီယက်နမ်၊စင်္ကာပူ၊ ဘယ်လ်ဂျီယမ်၊ ဖိလစ်ပိုင်နှင့် အိန္ဒိယ နိုင်ငံများသို့ပင် တင်ပို့လျက်ရှိပါသည်။ မြန်မာနိုင်ငံသည် International Plant Protection Convention (IPPC) အဖွဲ့ဝင်နိုင်ငံဖြစ်၍ IPPC မှချမှတ်ထားသော International Standards for Phytosanitary Measures (ISPMs) များနှင့်အညီ အပြည်ပြည်ဆိုင်ရာကုန်သွယ်မှုတွင်အစားအစာနှင့် အပင်ဘေးကင်းလုံခြုံရေး Sanitary and Phytosanitary (SPS)လုပ်ငန်းစဉ်များတွင် ဆောင်ရွက်ရမည့်အချက်များအား လိုက်နာဆောင် ရွက်ရန်အထူး အရေး ကြီးပါသည်။

ကုန်သွယ်ဖက်နိုင်ငံများ၏ အစားအစာ ဘေးကင်းလုံခြုံရေးအတွက် မြန်မာနိုင်ငံမှ တင်ပို့သော စိုက်ပျိုးရေးထုတ်ကုန်များတွင် ပိုးသတ်ဆေးဓာတ်ကြွင်း ပါဝင်မှုများအား လက်ခံနိုင်သည့် အတိုင်း အတာ (Maximum Residue Limits- MRLs) ထက်မကျော်လွန်စေရန် ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ပဲတီစိမ်းမတ်ပဲ စိုက်ပျိုးထုတ်လုပ်သူများ အနေဖြင့်စိုက်ပျိုးချိန် တွင်ပိုးသတ်ဆေးတစ်မျိုးတည်းကိုသာ ကြိမ်ဖန်များစွာ ပက်ဖျန်းခြင်း၊ သတ်မှတ် နှုန်းထားထက် ပိုမို သုံးစွဲခြင်း၊ သီးနှံမခူးဆွတ်မီ စောင့်ဆိုင်း ရမည့်ကာလ (Pre- harvest Interval - PHI)တို့အားတိကျစွာ မလိုက်နာခြင်း၊ သိုလှောင်သီးနှံများအား ပိုးသတ်ဆေး တိုက်ရိုက် ပက်ဖျန်း သိုလှောင်ခြင်း၊ တောင်သူ များ စိုးရိမ်သောကြောင့် စီးပွားရေးအရ ထိခိုက်နိုင်သော အဆင့် မရောက် သော်လည်း ပိုးသတ်ဆေး ပက်ဖျန်းခြင်း၊ ပဲတီစိမ်းသည် ဈေးကွက်တွင်ဈေး ကောင်း ရရှိခြင်းကြောင့် အကျိုး အမြတ်ရရှိရန် သေချာ သဖြင့် ပိုးသတ်ဆေး ကိုပိုမိုသုံးစွဲလာခြင်း တို့ကြောင့် ပဲတီစိမ်းတွင်ဓာတု ဓာတ်ကြွင်းများ ပါဝင်ပြီး နိုင်ငံတကာ ဈေးကွက်တွင်ဈေး ကောင်း မရရှိခြင်း၊ မိမိသီး နှံအတွက် အာမခံချက် မရခြင်း စသောဆိုးကျိုး များဖြစ် ပေါ် နိုင်ပါသည်။

မြန်မာနိုင်ငံရှိ သီးနှံစိုက်ပျိုးထုတ်လုပ်သော တောင်သူကြီးများအား မိမိတို့၏ စိုက်ပျိုး ထုတ်ကုန်များသည် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ တင်ပို့မည်ဟူသော ရည်ရွယ်ချက်ဖြင့် စိုက်ပျိုးစေချင်ပါသည်။ စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲမှ အပြည်ပြည် ဆိုင်ရာပို့ကုန်၊ သွင်းကုန် လုပ်ငန်းများတွင် အပင်နှင့် အပင်ထွက်ပစ္စည်းများ ပိုးမွှားရောဂါကင်းစင်စေရေး၊ စိုက်ပျိုးထုတ်ကုန်သီးနှံများ ပိုးသတ်ဆေးဓာတ်ကြွင်းအန္တရာယ် ကင်းရှင်းစေရေး လုပ်ငန်းများအား (International Organization for Standardization- ISO) လက်မှတ်ရဓာတ်ခွဲခန်းမှ စစ်ဆေး၍ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ သက်သေခံ လက်မှတ် ထုတ်ပေးခြင်း လုပ်ငန်း များကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ ဥရောပဈေးကွက်သို့ မြန်မာနိုင်ငံမှ ပဲတီစိမ်းတင်ပို့လျက်ရှိရာ ၎င်းတို့လိုအပ်ချက်အရ လူနှင့်တိရစ္ဆာန်တို့ကို အန္တရာယ်ဖြစ်စေသော အဏုဇီဝပစ္စည်းများ (E.coli, Salmonella)ပါဝင်မှုမရှိသော၊ ပိုးသတ်ဆေးဓါတ်ကြွင်းကင်းသော ပဲတီစိမ်းများနှင့် အညစ်အကြေးကင်း၍သန့်ရှင်းသော ပဲတီစိမ်းများကိုသာ စိစစ်ရွေးချယ်ဝယ်ယူနေပါသည်။ သို့ဖြစ်ပါ၍ European Union(EU) (ဥရောပသမဂ္ဂ အဖွဲ့အစည်း)မှ ကန့်သတ်ထားသော ပိုးသတ်ဆေးများအား ပဲစိုက်တောင် သူများ အထူး ဂရုပြု သုံးစွဲရန် လိုအပ်လှပါသည်။ ၎င်းတို့မှာ ပိုးသတ်ဆေးများတွင် (Acephate-အဆီဖိတ်)၊ (Cartap hydrochloride-ကာတတ်ဟိုက်ဒရိုကလိုရိုက်)၊ (Profenofos-ပရိုဖီနိုဖော့စ်)၊ (Carbosulfan-ကာဘိုဆာလ်ဖန်) တို့၏ ဓာတ်ကြွင်းပါဝင်မှုပမာဏအား ကန့်သတ်ခြင်းအပြင် ဆန်တင်ပို့ရာတွင် စပါးဂုတ်ကျိုးရောဂါ ကာကွယ်ရာတွင် အသုံးပြုသောမှိုသတ်ဆေး (Tricyclazole-ထရိုင်စိုင်ကလာဇော) ဓာတ်ကြွင်းပါဝင်မှု ကန့်သတ်ချက်များလည်းတွေ့ရှိရပါသည်။ ထို့အပြင်ဂျပန်နိုင်ငံနှင့်တရုတ်နိုင်ငံများသို့ ပဲတီစိမ်းတင်ပို့မှုတွင်လည်း (Thiamethoxam-သိုင်ရာမီသိုဇမ်) ပိုးသတ်ဆေးဓာတ်ကြွင်းပါရှိမှုပမာဏ ကန့်သတ်ချက်များ ရှိလာကြောင်းတွေ့ရှိနေရပါသည်။

ဈေးကွက်လိုအပ်ချက်အရ ဓာတုပိုးသတ်ဆေးများအား ဓာတ်ကြွင်းကင်းစေရန် ဂရုပြုသုံးစွဲရန် လိုအပ်သကဲ့သို့ ပြည်တွင်းစားသုံးမှုတွင်လည်း ဓာတုဆေးကင်းသော သီးနှံများ ထုတ်လုပ်နိုင်ရန် လိုပါသည်။မြန်မာနိုင်ငံတွင်လည်း တားမြစ်ထားသောပိုးသတ်ဆေး ၅၄ မျိုးရှိပါသည်။ တားမြစ်ပိုးသတ်ဆေးဆိုသည်မှာ လူနှင့်ပတ်ဝန်းကျင်ရှိ သက်ရှိများအား အန္တရာယ်ရှိစေသောပိုးသတ်ဆေးအမျိုးအစားများအား နိုင်ငံတကာစံချိန်စံညွှန်းများအရ သက်ဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် Rottern Convention, Stockholm Convention တို့မှ တားမြစ်ထားချက်အားလက်ခံ၍ ထုတ်ပြန်ထားခြင်းဖြစ်သည်။သီးနှံကာကွယ်ရေးဌာနခွဲ၏(https://www.ppd.doa.gov.mm website တွင်လည်း ပြည်သူ အများ သိရှိစေရန် တင်ပြထားပါသည်။

စားသုံးသီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းပါဝင်မှု မြင့်မားရသည့်အကြောင်းအရင်းများမှာ

- မရိတ်သိမ်းမီ(သို့)မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ (Pre-harvest Interval-PHI)အား မစောင့်ဘဲရိတ်သိမ်းခြင်း၊
- ပိုးသတ်ဆေးကို မလိုအပ်ဘဲ ကြိုတင်အသုံးပြုခြင်း၊
- လိုအပ်သောနှုန်းထားထက် ပိုမိုလွန်ကဲစွာ အသုံးပြုခြင်း၊
- ပိုးသတ်ဆေးပက်ဖျန်းသည့်အကြိမ် လိုအပ်သည်ထက်ပိုမိုပက်ဖျန်းခြင်း၊
- ပိုးသတ်ဆေးအုပ်စုတစ်မျိုးတည်းအားကြိမ်ဖန်များစွာဆက်တိုက်ပက်ဖျန်းခြင်း၊
- အရည်အသွေးမပြည့်မီသော (တရားမဝင်)ပိုးသတ်ဆေး၊ တားမြစ်ပိုးသတ်ဆေးများကို အသုံး ပြုခြင်း၊
- မျိုးစေ့လူးနယ်ဆေးနှင့် လူးနယ်ထားသော သိုလှောင်သီးနှံများအား ပြည်တွင်းပြည်ပ ဈေးကွက်များသို့ စားသုံးရန်ဖြန့်ဖြူးရောင်းချခြင်းတို့ကြောင့်ဖြစ်သည်။

စာရေးသူကွင်းဆင်း၍ တောင်သူပညာပေးဆွေးနွေးပွဲများ ပြုလုပ်ရာတွင် တောင်သူဦးကြီးများမှ အစွမ်းထက်ပြီး ပိုးသတ်ဆေးဓာတ်ကြွင်းမပါသော ပိုးသတ်ဆေးအား လမ်းညွှန်ပေးရန်ပြောပါသည်။ ဓာတ်ကြွင်းပါခြင်း၊ မပါခြင်းသည် ပိုးသတ်ဆေးနှင့် မသက်ဆိုင်ပါ။ အသုံးပြုသော တောင်သူများ၏ စနစ်တကျ လိုက်နာသုံးစွဲမှုအပေါ်၌သာ မူတည်ပါသည်။ အထက်

စာ-၁၅ သို့